# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၅)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၆-၈-၂၀၂၄၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ခေတ်အဆက်ဆက်အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ကျွန်တော်တို့ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်းပေးကြဖို့လိုအပ်

## နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောကြားချက်

ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူများခင်ဗျာ-

ယခုကာလများအတွင်း နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေများကို ဆက်စပ်တင်ပြလိုပါတယ်။ အချို့အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးမှာ ကျွန်တော်တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှု ၁၁ သန်းကျော် ပြုလုပ်ခဲ့မှုတွေကြောင့် နိုင်ငံတော်မှာ မတည်မငြိမ်မှုတွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ ယာယီသမ္မတကနေ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တပ်မတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ရဲ့တာဝန်ကို ထိန်းသိမ်းစေခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်ဘက်၊ အရပ်ဘက် ပူးပေါင်းပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အဓိကရည်မှန်းချက် ဖြစ်တယ်လို့ တိုင်းသိပြည်သိ ကြေညာခဲ့ပါတယ်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားစဉ်။

ကျွန်တော်တို့ ပြည်သူတွေ သတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာ အခြေအနေတွေဟာ အင်မတန်မှုနက်နဲရှုပ်ထွေး လာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့သာ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း

**အပေါင်းအဖော်များနှင့်အတူ လေ့ကျင့်ခန်းလုပ်လျှင် စိတ်ပြောင်းလဲစေကာ အာရုံကြောများ ပြေလျော့စေမည်**

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၆ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

# နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထား ဆောင်ရွက်သည့်နိုင်ငံဖြစ်သောကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလိုအပ်ချက်၊ မွေးမြူရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအား မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးနှင့် အောင်မြင်အောင်ဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း၊ တောင်သူများလိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေပြုပြင်ရေး၊ ရေရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို သမဝါယမစနစ်ဖြင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်နေပြီး နိုင်ငံတော်အစိုးရက မူဝါဒဖြင့် ထိန်းကျောင်းပေးရပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်း ကျောင်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်း ဆွေးနွေးခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

တောင်သူများလိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေပြုပြင်ရေး၊ ရေရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို သမဝါယမစနစ်ဖြင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများအပါအဝင် ဌာနတာဝန်ရှိများက မိမိတို့ဦးစီးဌာနအလိုက် ဝန်ထမ်းသက်သာချောင်ချိရေး၊ လုပ်ငန်းခွင်ပျော်ရွှင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ ဦးစီးဌာနအချင်းချင်း၊ တက္ကသိုလ်ကောလိပ်အချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း လုပ်ငန်းများ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းသီးနှံ ဝါနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများ၊ ကျေးလက်ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက် လမ်း၊ တံတားနှင့် ကျေးလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအောင်မြင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးအတွက် ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးသည့် စီမံကိန်းများဖြစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက ဖိုးလမ်းနှင့် သိပ္ပံလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ကုလားပဲနှပ်၊သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်တစ်ထုပ် စီနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီတို့ကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် ငွေ ကျပ် ၅၀၀၀၀ အား စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ဇနီး ဒေါ်ယုယုဇော်မိသားစု၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြသည်။

ထို့ပြင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးမြင့်လွင်+ဒေါ်အေးမြတ်မွန် မိသားစုကလည်း သင်္ကန်းတစ်စုံနှင့် ငွေကျပ် ၅၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာဝုံ)

(ဝ၄ဝ)



## ပုသိမ်ကြီးမြို့နယ်၊ မြို့မစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း



**မန္တလေး ဩဂုတ် ၅**

မန္တလေး အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် နန်းရှေ့စာပေတင်းကုပ်၌ ကျင်းပသည်။

ရှေးဦးစွာ စာအုပ်အလှူရှင် နန်းရှေ့ပြည်တော်သာတိုက်တန်း တိုက်အမှတ် ၅၃ နေ ဦးကျော်ငွေ(တရားရေးဌာန၊ ငြိမ်း)က သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်ရေ ၅၀ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်အလှူရှင် ဦးကျော်ငွေက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ မြို့မစာကြည့်တိုက်မှူး ဦးညွန့်လှိုင်(ခ)ဖိုးလှိုင်လေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## ကျောက်ဆည်မြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချ

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ၊ စားသုံးဆီအခက်အခဲမရှိစေရေး စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများမှဝယ်ယူ၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယမန်နေ့က မြို့မ(၁၀)ရပ်ကွက်နှင့် ကျေးရွာ(၉)ရွာများတွင် နေထိုင်လျက်ရှိသော ပြည်သူများအား ရောင်းချပေးလျက်ရှိသည်။

အဆိုပါစားအုန်းဆီများအား ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ Resources Group Trading Co,Ltd နှင့် Business Success Co,Ltdတို့မှ ရည်ညွှန်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၅၄၆၀ ဖြင့် ဝယ်ယူရရှိသော စားအုန်းဆီများဖြစ်ကြောင်းနှင့် ရောင်းချရာတွင် ကျောက်ဆည်မြို့မ (၁၀) ရပ်ကွက်မှ ဈေးသူ၊ ဈေးသားပြည်သူများအား မြို့မဈေးမှ ဗိုလ်တစ်ထောင် စားသုံးဆီလက်လီ၊ လက်ကား ရောင်းဝယ်ရေးဆိုင်နှင့် အေးမြကြည်လင်ဈေးရှိ ဦးသန်းငွေ၊ စစ်ငြိမ်းစားသုံးဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်များမှ ရောင်းချခဲ့ပြီး မင်းစု၊ ရွှေဒါး၊ ငါးမြွေကုန်း၊ ဆူးလေကုန်း၊ အင်တိုင်း၊ မယ်ဇယ်ပင်၊ ရွှေလေး ကျေးရွာများမှ ပြည်သူများအား နေလသုခ၊ အေးချမ်းသူ၊ ယံယံ၊ နဒီဇော၊ မီဇာန်၊ အနန္တ ဂုဏ်ရည် စားသုံးဆီအရောင်းဆိုင်များက အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

☆ ရှေ့ဖုံးမှ

ဒီလိုနိုင်ငံရေး အပြောင်းအလဲဖြစ်ပြီးချိန်မှာ သာမန်ဆန္ဒပြရာကနေ တဖြည်းဖြည်းမင်းမဲ့စရိုက်ဆန်တဲ့ ဆူပူလှုပ်ရှားမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ NLD အစွန်းရောက်ပါတီဝင်အချို့ရဲ့ ဦးဆောင်မှုနဲ့ လက်နက်ကိုင်ဆူပူအကြမ်းဖက်လုပ်ရပ်တွေကို စတင်လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါတင်မကဘဲ အချို့လူငယ်တွေကို ဝါဒမှိုင်းရိုက်သွင်းပြီးတော့မှ ငြိမ်းချမ်းရေးကို မလိုလားတဲ့၊ နိုင်ငံတော်အပေါ် သဘောထားမမှန်တဲ့ လက်နက်ကိုင်အဖွဲ့အချို့ထံမှာ အကြမ်းဖက်စစ်သင်တန်းများ သွားရောက်သင်ကြားစေခဲ့ပါတယ်။ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲက NCA ကို လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့များရော NCA ကို လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ထဲက အချို့သော EAO တို့ကပါ PDF အကြမ်းဖက်အဖွဲ့တွေကို အားပေးအားမြှောက်ပြုပြီး သင်တန်းများပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ PDF အကြမ်းဖက်သမားတွေ EAO အဖွဲ့အချို့ထံမှာ အကြမ်းဖက်သင်တန်းများတက်ပြီးတဲ့နောက်မှာ နိုင်ငံတစ်ဝန်း လူသတ်၊ ဗုံးထောင်၊ ဗုံးခွဲ၊ အကြောင်းမဲ့ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့ပြီး ပြည်သူလူထုကို ခြောက်လှန့်နေတာ ဒီနေ့အချိန်အထိပဲဖြစ်ပါတယ်။ ဒီလို နိုင်ငံတစ်ဝန်း မတည်မငြိမ်မှုတွေ လုပ်ဆောင်တဲ့ အချိန်မှာပဲ အချို့သောလက်နက်ကိုင်အဖွဲ့တွေ အနေနဲ့ ဒီအပေါ်မှာ အခွင့်အရေးအဖြစ် ဖန်တီးပြီး နယ်မြေချဲ့ထွင်သိမ်းပိုက်ဖို့ ကြိုးပမ်းလာခဲ့ကြပါတယ်။

MNDAA၊ TNLA၊ AA သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၂ ခုနှစ် ဧပြီလက ဖိတ်ခေါ်ခဲ့တဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်တွေကို ငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းများနဲ့ ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှာ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်နိုင်ဖို့အတွက် ၂၀၂၂ ခုနှစ်လောက်ကတည်းက လူအင်အား၊ လက်နက်အင်အားစုဆောင်းတာတွေ၊ Drone များကိုအသုံးပြုပြီး တိုက်ခိုက်ဖို့ လေ့ကျင့်တာတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ တည်ငြိမ်အေးချမ်းနေတဲ့ နယ်မြေဒေသတစ်ခုလုံးကို စစ်ပွဲဒဏ်သင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့လမ်းတံတားတွေကစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြပါတယ်။ အစိုးရအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေးနဲ့ ဒေသတွင်း ပြန်လည်တည်ငြိမ်အေးချမ်းရေးကို ရှေးရှုပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီလမှာ သဘောတူညီခဲ့ပါတယ်။ ဒါပေမယ့် MNDAA၊ TNLA အဖွဲ့တို့အနေနဲ့ အကြောင်းပြချက်မျိုးစုံပြပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ သီပေါ၊ နောင်ချို၊ ကျောက်မဲ၊ မိုးမိတ်နဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိုးကုတ်မြို့တို့ကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ပြည်သူလူထုနေထိုင်တဲ့ မြို့ရွာတွေထဲမှာရှိတဲ့ လူနေအိမ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေကို ပစ်မှတ်ထားပြီး အဓိကအားဖြင့် အဆင့်မြှင့်တင်ထားတဲ့ ရှေ့တိုက်ဒုံးများနဲ့ ပစ်ခတ်တာတွေ၊ Drop Bomb များနဲ့ တိုက်ခိုက်တာတွေကို အကြိမ်ပေါင်းများစွာ လုပ်ဆောင်ခဲ့တာ အားလုံးတွေ့မြင်ပြီးဖြစ်ပါတယ်။ ဩဂုတ်လ ၂ ရက်မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ ကလေးသူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော်သားတွေသာမက တပ်မတော်သားမိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသားပြည်သူများ တက်ရောက်ကုသနေတဲ့ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲ ဖြစ်ပါတယ်။ သူတို့အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ဒေသတွေကိုကြည့်ရင် သူတို့လူမျိုးနေထိုင်တဲ့ရာခိုင်နှုန်း အနည်းငယ်သာရှိနေတာကိုလည်း တွေ့နိုင်ပါတယ်။ ဥပမာ လားရှိုးမြို့နယ်အတွင်းမှာ ကိုးကန့်လူမျိုးများနေထိုင်တာ ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ရှိပေမယ့် အများစုဟာ လားရှိုးမြို့ပေါ်မှာမဟုတ်ဘဲ ကျေးရွာများမှာသာ နေထိုင်ကြပါတယ်။ မြို့ပေါ်မှာ ရှမ်း၊ ဗမာနဲ့ ကချင်တို့သာ အများဆုံးနေထိုင်ကြပါတယ်။ ထို့အတူပဲ ကျောက်မဲ၊ သီပေါမြို့နယ်ဘက်မှာ ပလောင်လူမျိုးများနေထိုင်မှုက ၁၅ ရာခိုင်နှုန်း ပတ်ဝန်းကျင်သာရှိပါတယ်။ နောင်ချိုမြို့နယ်မှာဆိုရင်လည်း ပလောင်လူမျိုးနေထိုင်မှုဟာ တစ်ရာခိုင်နှုန်းတောင် မပြည့်ပါဘူး။ ရှမ်း၊ ဗမာ၊ ဓနုလူမျိုးတွေသာ အများဆုံး နေထိုင်ကြတာဖြစ်ပါတယ်။ ဒီလို အကြောင်းမဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ အိုးအိမ်တွေကိုစွန့်ခွာပြီး တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများမှာ သွားရောက်ခိုလှုံနေကြတာကို ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ စစ်ဘေးရှောင် ပြည်သူတွေဆီက အဖိုးတန် ရွှေ၊ ငွေ၊ ပစ္စည်းတွေ လုယက်တာတွေ၊ ပြည်သူလူထု စွန့်ခွာထွက်ပြေးခဲ့ရတဲ့ အိုးအိမ်နဲ့ ပိုင်ဆိုင်မှုတွေကနေ အဖိုးတန်ပစ္စည်းတွေ ဖောက်ထွင်းခိုးဝှက်ရယူတာတွေ၊ စစ်ဘေးရှောင်တွေနဲ့ ဒေသခံပြည်သူတွေကို ခြိမ်းခြောက်ပြီး ကလေးငယ်တွေကို စစ်မှုထမ်းဆောင်စေပြီး အတင်းအဓမ္မတိုက်ပွဲဝင်စေတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ထိန်းချုပ်ထားတဲ့နယ်မြေတွေမှာ အစိုးရအခြေခံအဆောက်အအုံတွေ၊ လူမျိုးရေးနှင့် ဘာသာရေးအထိမ်းအမှတ်အဆောက်အအုံတွေအား စက်ယန္တရားတွေကိုသုံးပြုပြီး မြေလှန်ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးရရှိသွားပြီး တရားဥပဒေစိုးမိုးမှုအပြည့်ရှိရင် ဒေသခံပြည်သူတွေကို လက်နက်ပြခြိမ်းခြောက်ပြီး လိုသလိုချုပ်ချယ်မရနိုင်တော့မှာ၊ ကိုယ်ကျိုးစီးပွားရှာလို့မရနိုင်တော့မှာကို သိတဲ့အတွက် အခုလိုမိုက်တွင်းနက်တဲ့ နယ်ခြားစောင့် ရဲကင်းစခန်းငယ်တစ်ခုဖြစ်တဲ့ ဒုံးပိုက်ရဲကင်းစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းနဲ့ ရခိုင်ပြည်နယ်အတွင်း မတည်မငြိမ်မှုတွေ ဖြစ်အောင် စတင်ဖန်တီးခဲ့ပါတယ်။ အဲဒီနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ နယ်မြေလုံခြုံရေး ဆောင်ရွက်နေတဲ့ လုံခြုံရေးစခန်းတွေ၊ တပ်စခန်းတွေကို တိုက်ခိုက်ပြီး ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအစုံကို ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဒေသခံပြည်သူများအနေနဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ အခြားမြို့တွေကို တိုက်ပွဲရှောင်များအဖြစ် တိမ်းရှောင်ထွက်ပြေးခဲ့ကြရပါတယ်။ ယခုအချိန်မှာလည်း ရခိုင်

★ **MNDAA၊ TNLA၊ AA သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၂၀၂၂ ခုနှစ် ဧပြီလက ဖိတ်ခေါ်ခဲ့တဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်တွေကို ငြင်းပယ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းများနဲ့ ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှာ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်နိုင်ဖို့အတွက် ၂၀၂၂ ခုနှစ်လောက်ကတည်းက လူအင်အား၊ လက်နက်အင်အား စုဆောင်းတာတွေ၊ Drone များကို အသုံးပြုပြီးတိုက်ခိုက်ဖို့ လေ့ကျင့်တာတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ တည်ငြိမ်အေးချမ်းနေတဲ့ နယ်မြေဒေသတစ်ခုလုံးကို စစ်ပွဲဒဏ်သင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့လမ်းတံတားတွေကစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြပါတယ်။**

လုပ်ရပ်မျိုးကို လုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ MNDAA သောင်းကျန်းသူအဖွဲ့အနေနဲ့ လက်ရှိအချိန်မှာ လောက်ကိုင်မြို့မှာရှိတဲ့ ဗမာလူမျိုးများကို ဖမ်းဆီးပြီး မြို့ကနှင်ထုတ်နေတဲ့သတင်းတွေလည်း တွေ့ရှိနေရပါတယ်။ ဒါပေမယ့် သောင်းကျန်းသူအဖွဲ့တွေရဲ့ ထုတ်ပြန်ချက်တွေမှာ မြန်မာ့တပ်မတော်ကပဲ တိုက်ခိုက်ဖျက်ဆီးနေတယ်၊ လူမျိုးရေးခွဲခြားနေတယ်ဆိုပြီး စွပ်စွဲထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ လောက်ကိုင်မြို့ဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့ဖြစ်ပါတယ်။ နိုင်ငံခြားသားများ ဝင်ထွက်မှုပြုလုပ်ခြင်းကို အစိုးရရဲ့ တရားဝင်လုပ်ထုံးလုပ်နည်း၊ ခွင့်ပြုချက်များနဲ့အညီသာ ဆောင်ရွက်ရမယ့်ဒေသဖြစ်ပါတယ်။ ယခင်က တရားမဝင် ဝင်ရောက်နေထိုင်ခဲ့ကြတဲ့သူများနဲ့ ပတ်သက်ဆက်နွှယ်နေသူများပူးပေါင်းပြီးတော့ ကျားဖြန့်ခေါ်အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများနဲ့ တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီလို တရားမဝင် ဝင်ရောက်နေထိုင်သူတွေနဲ့ ပတ်သက်ဆက်နွှယ်နေသူတွေကို အရေးယူခြင်း၊ လွှဲပြောင်းပေးခြင်း၊ နှိမ်နင်းခြင်းတွေကိုလည်း ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာလည်း တရားဝင်လုပ်ထုံးလုပ်နည်းများနဲ့အညီ ဝင်ရောက်နေထိုင်ရန်ခွင့်ပြုထားတဲ့ နိုင်ငံခြားသားများမရှိကြောင်း ပြောကြားလိုပါတယ်။ သောင်းကျန်းသူ အဖွဲ့တွေအနေနဲ့ ယခုအချိန်အခါမှာလည်း ကျောက်မဲ၊ နောင်ချိုဒေသများမှာရှိတဲ့ တပ်မတော်လုံခြုံရေးတပ်စခန်းတွေကို အင်အားအလုံးအရင်းနဲ့ အပြင်းအထန်တိုက်ခိုက်လျက်ရှိနေပါတယ်။ ဒါကြောင့် သူတို့ရဲ့လုပ်ရပ်များနဲ့ ထုတ်ပြန်ချက်များကို မှန်ကန်စွာခွဲခြားပြီး ရှုမြင်ဖို့၊ ဝိုင်းဝန်းဆန့်ကျင်ကြဖို့လည်း အရေးကြီးပါတယ်။

AA သောင်းကျန်းသူအဖွဲ့ဆိုရင်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်မှာပဲ ရခိုင်ပြည်နယ်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ မြို့ရွာတွေသာမက တည်ငြိမ်စွာအေးချမ်းစွာနေထိုင်လိုတဲ့ ရခိုင်ပြည်နယ်တောင်ပိုင်းရှိမြို့များကိုလည်း အပြင်းအထန်တိုက်ခိုက်လျက်ရှိတာတွေ့ရပါတယ်။ ရခိုင်ပြည်နယ်မှာ ရခိုင်လူမျိုးသာ ၉၀ ရာခိုင်နှုန်း နေထိုင်တာကြောင့် AA အဖွဲ့ခေါင်းဆောင်များရဲ့ လုပ်ရပ်များဟာ ကိုယ့်လူမျိုးကို ကိုယ်ပြန်ဖျက်ဆီးနေသလို ဖြစ်နေတာလည်းတွေ့ရပါတယ်။ တပ်မတော်အနေနဲ့လည်း နယ်မြေဒေသတွေ ပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ဒေသခံပြည်သူများနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူ KIA အဖွဲ့ဟာဆိုရင်လည်း ၂၀၂၁ ခုနှစ်လောက်ကတည်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာရှိတဲ့ PDF အမည်ခံ အကြမ်းဖက်သမားများကို လက်နက်များတပ်ဆင်ပေးတာတွေ၊ အကြမ်းဖက်စစ်သင်တန်းပေးတာတွေကို လုပ်ဆောင်လာခဲ့ပြီး နယ်မြေမငြိမ်မသက်ဖြစ်အောင် ပုံဖော်ခဲ့ကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ စပ်ဆက်နယ်မြေများမှာလည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ပြည်သူ့အသက်အိုးအိမ်နဲ့ မြို့ရွာများဖျက်ဆီးနေမှုရဲ့ အဓိကအရင်းအမြစ်ဟာ KIA အဖွဲ့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၂၄ ခုနှစ် မတ်လကတည်းက ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများနဲ့ မြို့ရွာများကိုလည်း အင်အားသုံးတိုက်ခိုက်လာတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် CNF အဖွဲ့ဟာဆိုရင်လည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ချင်းပြည်နယ်အတွင်းမှာ တိုက်ပွဲများ ဖော်ဆောင်လာတဲ့အတွက် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ တိုင်းရင်းသားပြည်သူတို့ရဲ့ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာပျက်စီးခဲ့ရပြီး ဖလမ်း၊ မတူပီ၊ လိုင်လင်းပီ၊ မင်းတပ်၊ ထန်တလန် စတဲ့မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရတာကိုလည်း တွေ့မြင်ရပါတယ်။

★ **ဩဂုတ်လ ၂ ရက်မှာတော့ လားရှိုးမြို့မှာရှိတဲ့ တပ်မတော်ဆေးရုံကို Drop Bomb များ အဆက်မပြတ်ကြဲချပြီး ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ပါတယ်။ လူနာများနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပစ်ခတ်သတ်ဖြတ်တာတွေ၊ အမျိုးသမီးများ၊ မိသားစုဝင်များနဲ့ကလေးသူငယ်များအပါအဝင် အချို့လူနာများကို ဖမ်းဆီးခေါ်ဆောင်သွားတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ တပ်မတော်ဆေးရုံဆိုတာ တပ်မတော်သားတွေသာမက တပ်မတော်သားမိသားစုဝင်များ၊ ရဟန်းသံဃာများ၊ သာမန်တိုင်းရင်းသားပြည်သူများ တက်ရောက်ကုသနေတဲ့ဆေးရုံဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက် ဒေသခံပြည်သူတို့ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို နယ်လှည့်ဆေးကုသရေးအဖွဲ့များနဲ့ ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများပဲ ဖြစ်ပါတယ်။**

စာမျက်နှာ ၄ သို့ ☆

# မြန်မာပြည်သူလူထု အားထားနေရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုနဲ့ နိုင်ငံအတွက် များစွာနစ်နာခဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒေသတွင်းအမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

☆ စာမျက်နှာ ၃ မှ

အလားတူ KNU အဖွဲ့မှ အချို့ခေါင်းဆောင်များဟာဆိုရင်လည်း သူတို့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ် ရေးထိုးထားတဲ့အဖွဲ့ဖြစ်သော်လည်း သဘောတူချက်တွေကို ဖောက်ဖျက်လာတာကို တွေ့ရှိရပါတယ်။ သူတို့ဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သင်တန်းများ သင်ကြားလေ့ကျင့်ပေးတာတွေ၊ လက်နက်များ တပ်ဆင်ပေးတာတွေကို ပြုလုပ်ခဲ့ကြပြီးတော့မှ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းများ၊ မြို့ရွာများကို အင်အားသုံးတိုက်ခိုက်ခြင်းများ လုပ်ဆောင်လာခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာဆိုရင် ကော့ကရိတ်မြို့၊ ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်မှာဆိုရင် သင်္ကန်းညိနောင်မြို့နဲ့ ဧပြီ ၁၀ ရက်မှာ မြဝတီမြို့တို့ကို တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ KNU အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာပျက်စီးခဲ့ရပါတယ်။ ဒါ့အပြင် မြန်မာပြည်သူလူထု အားထားနေရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ရပ်ဆိုင်းခဲ့ရပြီး ပြည်သူလူထုနဲ့ နိုင်ငံအတွက် များစွာနစ်နာခဲ့ပါတယ်။ ဒါတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒေသတွင်း အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် လျက်ရှိနေပါတယ်။ လက်ရှိမှာလည်း KNU အနေနဲ့ တပ်မဟာ (၁၊ ၃၊ ၅) သုံးခုပူးပေါင်းပြီး စစ်တောင်းမြစ်တစ်ဝိုက်မှာ တိုက်ကွက်များဖော်ဆောင်နိုင်ရေး လက်ရှိ KNU ဥက္ကဋ္ဌနဲ့ စစ်ဦးစီးချုပ်တို့က ပူးပေါင်းကြံစည်လျက်ရှိနေတယ်ဆိုတဲ့ သတင်းကိုလည်း ရရှိထားပါတယ်။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်ပြီး KNPP/KNDF သောင်းကျန်းသူအဖွဲ့တွေဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ ကယားပြည်နယ် လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ KNPP/KNDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မလိုလားတဲ့ ဒေသခံပြည်သူတွေရဲ့ သတင်းပေးမှုတွေကြောင့် KNPP/KNDF သောင်းကျန်းသူအဖွဲ့ဝင်များကိုလည်း ချေမှုန်းနိုင်ခဲ့ပါတယ်။ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များကလည်း စွန့်လွှတ်စွန့်စားတဲ့စိတ်ဓာတ်နဲ့ ခုခံတိုက်ခိုက်နေကြတဲ့အတွက် အခြေအနေအရပ်ရပ်ကိုထိန်းချုပ်နိုင်ခဲ့ပါတယ်။ KNPP/KNDF သောင်းကျန်းသူတွေအနေနဲ့ လွိုင်ကော်မြို့ကို မအောင်မြင်တဲ့အခါ ရှမ်းပြည်နယ်နဲ့အစပ်ဖြစ်တဲ့ ဆီဆိုင်ဒေသဘက်ကို ထိုးဖောက်ဝင်ရောက်ခဲ့ပါတယ်။ ဆီဆိုင်ဒေသဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်တဲ့အတွက် ပအိုဝ်းပြည်သူ့စစ်များနဲ့ ဒေသခံပြည်သူများကလုံးဝလက်မခံဘဲ ရွပ်ရွပ်ချွံချွံတိုက်ထုတ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့ကြောင့် လက်ရှိအချိန်မှာ လွိုင်ကော်နဲ့ ဆီဆိုင်ဒေသတို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်တစ်ခုလုံး ယခင်လိုတည်ငြိမ်အေးချမ်းမှုအပြည့်အဝရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ ဒီလိုတိုက်ခိုက်မှုတွေ လုပ်ဆောင်တဲ့အခါမှာ အဖျက်စိတ်နဲ့ ပြည်သူအများအပြားထိခိုက်စေခဲ့သလို မြို့ရွာများကို ဖျက်ဆီးခဲ့တာကိုလည်းတွေ့ရပါတယ်။

> ★ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ ဒေသတွေလို ဥပဒေမဲ့အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်းဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့် အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာမဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာမဟုတ်ပါဘူး။

လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့လက္ခဏာမျိုး ရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

> ★ လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနဲ့ မြန်မာနိုင်ငံအပေါ်မှာ သူတို့လိုချင်တဲ့လက္ခဏာမျိုးရရှိစေလိုတဲ့ ပြည်ပနိုင်ငံအချို့ဟာ လက်နက်ကိုင်သောင်းကျန်းသူတွေ၊ နိုင်ငံရေးသဘောထားကွဲလွဲသူတွေက အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းမီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

တရုတ် - မြန်မာ နယ်စပ်မှာရှိတဲ့ EAO နယ်မြေအချို့မှာ လက်နက်ခဲယမ်း မီးကျောက်စက်ရုံများ တည်ထောင်ထားပြီး လက်နက်များ၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်နေတာကို သိရှိရပါတယ်။ အဲ့ဒီလက်နက်စက်ရုံတွေက ထုတ်လုပ်တဲ့ လက်နက်ခဲယမ်းတွေကို PDF အမည်ခံအကြမ်းဖက်သမားတွေနဲ့ အခြား EAO အဖွဲ့တွေကို ထောက်ပံ့တာတွေ၊ ရောင်းချတာတွေ ပြုလုပ်နေတာကိုတွေ့ရှိရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိတဲ့ လက်နက်တွေ၊ ခဲယမ်းအများစုဟာလည်း အဲ့ဒီစက်ရုံများကထုတ်လုပ်တဲ့ လက်နက်ခဲယမ်းများဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုလက်နက်ခဲယမ်းမီးကျောက်စက်ရုံများ ထူထောင်ဖို့ဆိုတာ သာမန်အခြေအနေနဲ့မရပါဘူး။ ငွေကြေးအင်အားနဲ့ နည်းပညာအင်အားများ များစွာလိုအပ်တာဖြစ်တာကြောင့် ဒီစက်ရုံတွေလည်ပတ်ဖို့ ငွေကြေးနဲ့ နည်းပညာအင်အား ဘယ်နေရာကရရှိတာလဲဆိုတာကိုလည်း ဆန်းစစ်သွားရမှာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့များကိုင်ဆောင်နေတဲ့ လက်နက်များဟာဆိုရင်လည်း ထိုင်း - မြန်မာ နယ်စပ်မှောင်ခိုလမ်းကြောင်းကနေ တင်သွင်းလာတဲ့ လက်နက်များပဲဖြစ်ပါတယ်။ EAO အဖွဲ့တွေနဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေ ကိုင်ဆောင်နေတဲ့ ဆက်သွယ်ရေးစက်တွေ၊ Drone တွေ၊ လက်နက်ခဲယမ်းတွေဟာ အဆိုပါအရင်းအမြစ်တွေက ရရှိနေတာပဲဖြစ်ပါတယ်။

MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူများနဲ့ ဆက်စပ်အဖွဲ့တွေသုံးနေတဲ့ Drop Bomb တွေ၊ ရှော့တိုက်ဒုံးတွေဟာ နည်းပညာအရ အဆင့်မြင့်တင်ပြင်ဆင်ထားတဲ့ ပစ္စည်းများဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ သူတို့သုံးစွဲနေတဲ့ Drone တွေဟာ ပြည်ပဈေးကွက်မှာ ဝယ်ယူရရှိနိုင်ပေမယ့် ဒါတွေကို ပြင်ပကြေးစား နည်းပညာရှင်များနဲ့ ပူးပေါင်းပြီး နည်းပညာအရ အဆင့်မြှင့်တင်ထားတာတွေ၊ တိုက်ပွဲမှာ ပိုမိုအသုံးဝင်အောင် ပြုပြင်ထားတာတွေကိုလည်းတွေ့ရှိရပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဒီလိုအကြမ်းဖက်သောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့တဲ့အချိန်မှာ အရပ်သားပြည်သူတွေ မထိခိုက်စေဖို့ ချမှတ်ထားတဲ့ ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနှင့် အကြမ်းဖက်သောင်းကျန်းမှုနှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနဲ့အညီ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးအားလုံးအတူတကွစုစည်းပြီး နေထိုင်ကြတဲ့ နိုင်ငံဖြစ်ပြီး တောတောင်ရေမြေကစပြီး လုပ်ကိုင်နေကြတဲ့ စီးပွားရေးအခြေအနေများအထိ ခွဲခြားလို့မရတာတွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံသားတိုင်းဟာ မြန်မာနိုင်ငံအတွင်း မည်သည့်ချုပ်ချယ်ကန့်သတ်မှုမျိုးမှမပါဝင်ဘဲ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်ရရှိရမှာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့တွေ ကြီးစိုးလာတာနဲ့အမျှ ဒီအခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေဟာ အလိုလိုဆုံးရှုံးလျက်ရှိပါတယ်။ ဒီလိုလူမျိုးနှီးနွယ်တူညီမှု၊ ဘာသာစကားနှီးနွယ်တူညီမှု၊ ရာဇဝင်အစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာတို့နဲ့ အညီအညွတ်ရှိမှုတို့ကို မထောက်ထားဘဲ သမိုင်းမှာမရှိခဲ့ဖူးတဲ့ ဒီလိုဆိုးရွားတဲ့ လူမျိုးစွဲဝါဒနဲ့လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ လုပ်ရပ်မျိုးကို လုံးဝလက်ခံမှာလည်းမဟုတ်ပါဘူး။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဟာ တရုတ်နိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေပြီး တစ်နိုင်ငံလုံးရဲ့ နယ်စပ်ကုန်သွယ်ရေး အဓိကဆောင်ရွက်ရာဒေသလည်းဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လမ်းကြောင်းပေါ်မှာတည်ရှိတာကြောင့် ဒေသခံပြည်သူများဟာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်တိုက်ပွဲ ဖော်ဆောင်မှုတွေကြောင့် လူမှုစီးပွားဘဝတွေ၊ ကလေးငယ်တွေရဲ့ ပညာရေးတွေ၊ လူငယ်လူရွယ်တွေရဲ့ အနာဂတ်ဘဝတွေဟာ ဘယ်လိုအိပ်မက်မှ မက်ခွင့်မရတော့ဘဲဆိတ်သုဉ်းရတော့မှာပဲဖြစ်ပါတယ်။ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ဒေသတွေလို ဥပဒေမဲ့ အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်းဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့်အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာ မဟုတ်ပါဘူး။

ဒီနေရာမှာ စီးပွားရေးနဲ့ပတ်သက်ပြီး အနည်းငယ်ပြောချင်ပါတယ်။ နိုင်ငံတစ်ခုရဲ့ စီးပွားရေးအင်အားတောင့်တင်းမှ ကျန်ရှိတဲ့အင်အားများဟာလည်း ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားအရကျဆင်းပြီး နိုင်ငံရဲ့ကာကွယ်ရေးအင်အား လျော့နည်းအောင် မိမိတို့နိုင်ငံအပေါ်မှာ စီးပွားရေးအရ ပိတ်ဆို့တာတွေ၊ ကောလာဟလသတင်းများ ဖြန့်တာတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ကြိုးစားဖြေရှင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံ့စီးပွားကောင်းမွန်စေဖို့အတွက် ထုတ်ကုန်များစွာ လိုအပ်တာကြောင့် ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်များ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရမှာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အဓိကကျပြီး လက်ဆုပ်လက်ကိုင်ရှိနေတဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို အခြေခံတဲ့ကုန်ထုတ်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အခြေအနေနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ လက်ရှိနေရာများရဲ့ လုံခြုံရေးနဲ့ လာရောက်ခိုလှုံနေတဲ့ ပြည်သူများ ဘေးအန္တရာယ်ကင်းရေးကို ဦးစားပေးစဉ်းစားပြီး ဆုတ်ခွာခဲ့ရတာလည်းရှိပါတယ်။ ဒါကို MNDAA၊ TNLA သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေနဲ့ နောက်ကွယ်ကနေ အားပေးအားမြှောက်ပြုနေတဲ့ ပြည်တွင်း၊ ပြည်ပက လောက်ကောင်တွေနဲ့ချိတ်ဆက်ပြီး သူတို့ကိုခိုင်းစေတဲ့နိုင်ငံများရဲ့အလိုကျ မြန်မာပြည်သူလူထု စိတ်မချမ်းမသာဖြစ်အောင် အင်အားလျော့လာအောင် ဝါဒဖြန့်ချိတာတွေ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းဖို့ အသက်၊ သွေးချွေးများ ရင်းနှီးပေးဆပ်ပြီး ကြိုးစားကာကွယ်ပေးကြတဲ့ ခေတ်အဆက်ဆက်က မြန်မာ့တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ပြည်သူများဟာ မြန်မာပြည်ကြီးရဲ့ဦးဆောင်လမ်းပြတဲ့ သူရဲကောင်းတွေအဖြစ် အမြဲတည်ရှိနေမှာပါ။ အသိအမှတ်ပြုလေးစားအမှတ်ရနေမှာ ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်သားတွေရဲ့ မှန်ကန်တဲ့စိတ်ဓာတ်၊ ဖွဲ့မာန်ပြင်းပြမှုတွေကြောင့် နိုင်ငံတော်မှာ လက်နက်ကိုင်အကြမ်းဖက်တဲ့လမ်းစဉ်ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပြည့်နဲ့ ပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသွားရမှာလည်း ဖြစ်ပါတယ်။

> ★ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူအမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေသတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။

ကျွန်တော်တို့ မြန်မာ့တပ်မတော်ဟာ မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိဖို့အတွက် ပြည်သူထဲက ပေါက်ဖွားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်အပြည့်ရှိပြီး စွန့်လွှတ်အနစ်နာခံမယ်ဆိုတဲ့စိတ် တစ်ခုတည်းနှင့်သာ မျိုးချစ်လူငယ်များနဲ့ စတင်တည်ထောင်ခဲ့တဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော်ကပဲ အခက်အခဲအမျိုးမျိုးကြားကနေ ပြည်သူတစ်ရပ်လုံးရဲ့ အားပေးထောက်ခံမှုနဲ့ နိုင်ငံတော်တစ်ခုလုံးရဲ့ လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာလည်း ရှေ့တန်းစစ်မျက်နှာအသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေကို နိုင်ငံချစ်စိတ်ရှိသည့် ပြည်သူလူထုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ အားပေးစာများကို တစ်ခဲနက် ဆောင်ရွက်ပေးနေကြတာကိုလည်း အားရဖွယ်ရာတွေ့ရပါတယ်။ အလားတူ တည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့ နိုင်ငံရေးပါတီများနဲ့ ပြည်သူ့အဖွဲ့အစည်းအသီးသီးက အကြမ်းဖက်လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတာ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး Volunteer ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက တပ်မတော်နှင့်နိုင်ငံတော်ကို ဝိုင်းဝန်းပြောဆိုထောက်ခံအားပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ ယခုလို ဆောင်ရွက်ပေးမှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ခွန်အားများဖြစ်ပေါ်ရသည်ကိုလည်း ပြောကြားလိုပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ ရရှိပြီးသားလွတ်လပ်ရေးကြီးတည်တံ့နေဖို့၊ ပြည်ထောင်စုကြီးတည်တံ့နေဖို့ ပြည်သူ့ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးခဲ့တာ ဒီနေ့အချိန်အထိလည်း ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာစိတ်မကောင်းဖြစ်ရပါတယ်။ သူတို့ရဲ့ စွန့်လွှတ်စွန့်စားမှုကို ဘယ်တော့မှမေ့ပျောက်ပစ်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ ချီးကျူးဂုဏ်ပြုခြင်းများ၊ ရရှိရမယ့်အခွင့်အရေးများနဲ့ ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသွားမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့တပ်မတော်သားတိုင်းဟာ ရှေးကလွတ်လပ်ရေးအတွက် အသက်ခန္ဓာစွန့်လွှတ်ကာ တိုက်ပွဲဝင်ခဲ့ကြတဲ့ စစ်သည်တော်တွေလိုပဲ တန်ဖိုးရှိတဲ့ ပြည်သူ့သားကောင်းရတနာတွေဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူအမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေသတိပြုရမှာက ဒီနေ့ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံးစည်းလုံးညီညွတ်ဖို့လိုပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့သာ ရင်ဆိုင်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက် အသက်သွေးချွေးများ ရင်းနှီးပေးဆပ်ခဲ့တဲ့ မြန်မာ့တပ်မတော်နဲ့ မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေတဲ့ တရားသောစစ်အောင်မြင်ဖို့ ကျွန်တော်တို့ပြည်သူအားလုံးက ယုံကြည်စွာနဲ့ ဝိုင်းဝန်း ပေးကြဖို့လိုအပ်ပါတယ်။ တပ်မတော်နဲ့ မျိုးချစ်ပြည်သူလူထုရှိနေသမျှ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရပါမယ်။ တည်တံ့ခိုင်မြဲအောင်လည်း လုပ်ဆောင်ပါမယ်။ စည်းလုံးသောအင်အားဖြင့် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

❖



## အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း (တတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးသူရထွန်းနှင့်ညီဖြစ်သူ အသည်းအလှူရှင် ကိုနေလင်းထိုက်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ**

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သုံးလအတွင်း ပြည်ပသို့ ရာဘာစိမ်း တန်ချိန် ၆၂၀၀၀ ကျော် တင်ပို့ခဲ့

ယခုဘဏ္ဍာနှစ်၏ ပထမ သုံးလပတ်ကာလအတွင်း ပြည်ပသို့ ရာဘာစိမ်းတန်ချိန် ၆၂၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၇ သန်းကျော် ရရှိထားပြီး ရာဘာစုစုပေါင်းရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကိုရီးယား၊ ဂျပန် စသည့် နိုင်ငံများကို အဓိကတင်ပို့နေခြင်းဖြစ်သည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရာဘာတန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ရာဘာကို မြန်မာနိုင်ငံအတွင်း မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးဧက ၁၆၄၀၀၀၀ နှင့် ထုတ်လုပ်မှု ဧက ၉၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

မြန်မာ့ရာဘာသည် မွန်ပြည်နယ်မှ အများဆုံးထွက်ရှိကာ တနင်္သာရီတိုင်းဒေသကြီးမှ ဒုတိယအများဆုံး၊ ကရင်ပြည်နယ်မှ တတိယအများဆုံးထွက်ရှိကြောင်း သိရသည်။ **(ယာပုံ) ရွှေမန်း**



# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များက သဘောထားများထုတ်ပြန်

နေပြည်တော် ဩဂုတ် ၅

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များ ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့က သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး၊ အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရမှုနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိနေခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများနေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်းသိရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ် ၊ ဩဂုတ် လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်

## မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ဒေသခံအပြစ်မဲ့ပြည်သူများ၊ ထိခိုက်လွယ်အမျိုးသမီးများ၊ ကလေးသူငယ်များအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင် ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များ
ဘဝမြှင့်တင်ရေးအသင်း

## မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များ၊ ဒေသခံပြည်သူလူထုနှင့် လူနာများတက်ရောက်ဆေးကုသနေသည့် ဆေးရုံတို့အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် ပြည်သူများ အတိဒုက္ခရောက်ရှိခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများကို တိုက်ခိုက်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးခဲ့ရခြင်းနှင့် အချို့ကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးရခြင်း၊ အနာဂတ်အတွက် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ၏ပညာရေးနှင့် တိုင်းပြည်၏ အနာဂတ်အရေးအတွက် များစွာထိခိုက်ခြင်း၊ စစ်ကြောင့် ထိခိုက်ဒဏ်ရာရကာ မသန်စွမ်းဖြစ်ရခြင်း၊ ဒေသရှိစစ်ဘေးဒုက္ခသည် မသန်စွမ်းသူများအနေဖြင့် အခြားသော စစ်ဘေးဒုက္ခသည်များထက် ပိုမိုထိခိုက်ရခြင်းကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့အား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းကို မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သောလုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ဂဝန်မြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ လေးပေကျော်ခန့် (၁၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ လေးလက်မခန့် (၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခွဲခန့် (၁၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဂဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းဆောင်ရွက်

**ဥတ္တရသီရိ ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်တွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းနှင့် Evaporation drill (အရေးပေါ်အခြေအနေတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း) အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉နာရီက Nay Pyi Taw International Science Academy (Main Campus) တွင် ကျင်းပရာ ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်နှင့်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၀ ဦးတို့မှ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မီးသတ်ဆေးဘူး အသုံးပြုပုံများ၊ ဆီမီးလောင်မှုဖြစ်သော Kitchen Fire, Gas Fire Oil Tank Fire ငြိမ်းသတ်ပုံများ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံများ၊ အခြေခံကြိုးချည်နည်းများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ (ယာပုံ)

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် (Preschool Campus) တွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းနှင့် Evaporation drill (အရေးပေါ်အခြေအနေတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း) အခမ်းအနားကို ကျင်းပခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။ (အပေါ်ပုံနှင့် အောက်ယာပုံ)

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ သင်တန်းဖွင့်ပွဲများပြုလုပ်ကြပြီး သင်တန်းဖွင့်ပွဲများတွင်သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

အဆိုပါ သင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းတစ်ခု၌ သင်တန်းကျောင်းအုပ်ကြီးက အမှာစကားပြောကြားစဉ် (အပေါ်ပုံ)နှင့် သင်တန်းသားများအား ကျွေးမွေးဧည့်ခံမှုကို တွေ့ရစဉ်။ (အောက်ပုံ)



## နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်


ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကိုဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကို လည်း ယခုလို ကြားသိရပါသည်။

"ကျွန်တော်ကတော့လားရှိုးတက္ကသိုလ်ကောလိပ်ကနေပြီးတော့မှ ဘူမိဗေဒ ဘာသာနဲ့ ဘွဲ့ဒီဂရီကို ရရှိထားတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လူမျိုး ကတော့ အဖေက ဝ ဖြစ်ပြီးတော့ အမေက ကချင်လူမျိုးဖြစ်ပါတယ်။ ကပြားတိုင်းရင်းသားကြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းရန်အတွက် တပ်ကိုရောက်ရှိတဲ့အချိန်မှာ ကျွန်တော်တို့ကို လိုလေသေးမရှိအောင် နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ရှိတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဂုဏ်ယူမိပါတယ်။

"ကျွန်တော် ဒီလိုတပ်မတော်ထဲကို ဝင်ရတဲ့ခံယူချက်ကတော့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ အခုဆိုရင် ပြည်ပရန်ရော၊ ပြည်တွင်းကသောင်းကျန်းသူရော အမြင်မတူတဲ့လူပ်ရှားသူတွေနဲ့ ဆူပူနေတဲ့အချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ကိုယ့်အိမ်မှာကိုယ်နေပြီးတော့မှ ဒီအတိုင်းထိုင်နေမယ့်အတူတူ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာ ကနေပြီးတော့ တာဝန်ထမ်းဆောင်ရမယ် ဆိုတဲ့စိတ်နဲ့ ကျွန်တော်ဝင်ရောက်လာခြင်း ဖြစ်ပါတယ်။ အခုလိုမျိုး စစ်မှုထမ်းဥပဒေ ထုတ်ပြန်တာကတော့ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ လူငယ်တိုင်း စည်းကမ်းတကျနဲ့ နေထိုင်နိုင်မယ်။

စာမျက်နှာ ၉ သို့







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)မှ သင်တန်းသားများ။

# ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ကရင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး၊ ထောက်ပံ့ပစ္စည်းများပေးအပ်



နေပြည်တော် ဩဂုတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့သည် ယနေ့နံနက်ပိုင်းက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရကျောင်း ဦးစီးပဓာနနာယက (ဒုတိယမြိုင်ကြီးငူ) ဆရာတော်ဘဒ္ဒန္တဉာဏိကအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဆန်၊ ဆီအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော သဘာဝဘေးဒဏ်သင့်ပြည်သူများကို စုံနံ့သာမြိုင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) စုံချစ်မြိုင်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အားပေးစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေထိုင်စဉ်ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုကြရန်ပြောကြားကာ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စု ၁၇၁ စု၊ လူဦးရေ ၆၁၆၃ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၅၄၆၇၀၀၀ နှင့် နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် ၉၅၇၄၅၀၀၀ တန်ဖိုးရှိ Smart ကျား/မ ဝတ် ရုပ်အင်္ကျီ ၆၁၆၃ ထည်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်၍ ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားများ ပြောကြားကြသည်။

ယင်းနောက် မြိုင်ကြီးငူအောင်မင်္ဂလာ စာသင်တိုက် ယာယီရေဘေးကယ်ဆယ်ရေး စခန်းသို့ သွားရောက်၍ ဆွေမြတ်မျိုးကြွယ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်အိမ်ထောင်စု ၉၆၅ စု၊ လူဦးရေ ၅၃၉၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၈၅၁၀၀၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဘားအံမြို့လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေ ထိုင်သော အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၅၅၂ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၉၆၈၀၀၀၊ ငါးသေတ္တာ ၅၅၂ ဘူးကို လည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၇၉ စု၊ လူဦးရေ ၁၃၅၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၉၅၀၀၀၊ ငါးသေတ္တာ ၁၃၅၅ ဘူးကို လည်းကောင်း၊ မိုးလုံလေလုံအားကစားခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၆၈၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၁၂၉၀၀၀၊ ငါးသေတ္တာ၆၈၁ ဘူးကို လည်းကောင်း၊ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၃၆ စု၊ လူဦးရေ ၁၁၈၁ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၆၂၉၀၀၀၊ ငါးသေတ္တာ ၁၁၈၁ ဘူးကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကာ အဆိုပါကယ်ဆယ်ရေးစခန်းရှိ ကလေးငယ်များအား အာဟာရဖြည့်စွက်စားစရာမုန့်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

နောက်ပြီးတော့ စနစ်တကျနဲ့ နေထိုင်နိုင်မယ်။ တပ်အပေါ်မှာ တချို့တွေဆိုရင် အမြင်မတူတာတွေရှိတယ်။ တပ်ဆိုတာက သူများတွေ အပြင်မှာ ပြောသလောက်မဆိုးပါဘူး။ အထဲမှာ အလွန်ကောင်းပါတယ်။ စည်းကမ်းတကျ နေထိုင်နိုင်အောင်လည်း ပြုပြင်ပေးနိုင်တဲ့ နေရာတစ်ခုပါလို့ ပြောချင်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကိုလည်း လာပါ၊ တက်ကြပါလို့။ ဘာပဲပြောပြော နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ ကူညီပြီးတော့ တာဝန်ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။



သင်တန်းကျောင်းတစ်ခု၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄) ဖွင့်ပွဲ ကျင်းပစဉ်။

နိုင်ငံသား တစ်ယောက်ရယ်လို့ ဖြစ်လာရင် နိုင်ငံကပေးတဲ့တာဝန်ကို ကျွန်တော်တို့ ကျေပွန်အောင် ထမ်းဆောင်မှ ဒါနိုင်ငံသားတိုင်းရဲ့ တာဝန်တစ်ခုပေါ့။ အဲ့ဒီအတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဒီ အမှတ်စဉ်(၄) မှာ လာရောက်ပြီးတော့ သင်တန်းသားအဖြစ် ခံယူထားရတဲ့အတွက် အလွန်ကို ပီတိဖြစ်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ ဒီသင်တန်းဆင်းပြီးသွားလို့ ကျရာနေရာမှာ ကြိုက်တဲ့တာဝန်ကို ပေးပါ။ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး ကျွန်တော်တို့မှာရှိတဲ့ ခွန်အားတွေနဲ့ နိုင်ငံအတွက် သယ်ပိုးဆောင်ရွက်သွားမယ်။ ကျွန်တော်တို့ တပ်မတော်ဆိုတာ မရှိလို့လည်း မဖြစ်ဘူး။ ရှိရမယ်။ ကိုယ့်နိုင်ငံအတွက် တပ်မတော်မှမရှိရင်လည်း ဘယ်သူမှ ကာကွယ်မှာမဟုတ်ဘူး။ တပ်မတော်ကပဲ ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ နောက်ဝင်မယ့် အငယ်တွေလည်း ဘာမှမကြောက်ပါနဲ့ အကုန်လုံးကျွန်တော်တို့လိုပဲ ညီအစ်ကိုတွေ သိုက်သိုက်ဝန်းဝန်းနဲ့ လာရောက်ပြီးတော့ ဒီနိုင်ငံအတွက်ကို တာဝန်တွေ ထမ်းဆောင်စေချင်ပါတယ်။ **သတင်းစဉ်**



# လက်ဆွဲမျိုးစေ့ချ ကိရိယာပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မော်လိုက် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ တောင်သူလယ်သမားများ လယ်စိုက်ပျိုးရာတွင် အဆင်ပြေကြစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူရရှိသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဂိုထောင်ရှေ့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က လက်ဆွဲမျိုးစေ့ချကိရိယာသုံးစွဲရခြင်း၏ ကောင်းကျိုးများ၊ လက်ဆွဲမျိုးစေ့ချ ကိရိယာပေးအပ်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်းအကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ဆွဲမျိုးစေ့ချကိရိယာ အလက် (၈၀)တို့ကို မော်လိုက်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**ကျွန်းလှ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များ ရောဂါဘယကင်းဝေးစေရန်အတွက် ကာကွယ်ဆေးများကို မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များအား ကျွန်းလှမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တာဝန်ရှိသူများက ဆုံဆို့နှင့်မေးခိုင်ရောဂါ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ထိုးနှံပေးကြသည်။

ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၀)**



## စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅** မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျောက်ဆည်မြို့နယ်၊ သံရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဇော်ကိုကိုလတ်(ခ)ဘိုတိုး မောင်းနှင်လာသည့် AD Van အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၇၅၀ ဂရမ်၊ ကက်တမင်း အလေးချိန် ၂၅၀ ဂရမ်နှင့် လက် ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ကိုကိုလတ်(ခ) ဘိုတိုး(၂၇)နှစ်အား သံရွာနယ်မြေ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀



## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၅ ဒသမ ၇၅၆ တန်နှင့် သစ်မာ ၀ ဒသမ ၁၉၀ တန်ကိုလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၇၁၂ တန်၊ အခြားသစ် ၂ ဒသမ ၈၄၉ တန် သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Murano ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Camel အဝတ်လျှော်စက်နှစ်လုံး၊ Man Slipper ကျားစီးဖိနပ် အရန် ၅၂၄၀၊ Brake Shoe ၁၅၀ ကီလိုဂရမ် အပါအဝင် လူသုံးကုန်ပစ္စည်းကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ၃၅ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် Mitsubishi fuso Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည့်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Happy Rose Tissue ၄၀၁၁ ဂရမ်ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Plastic Pallets အခု ၈၃၀ ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Fuse ၁၅၈၄ခု၊ Mini Helmet အလုံး ၅၇၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Medical Device- Cholesterol Assay Kit ငါးခုအပါအဝင် ကုန်ပစ္စည်း၂၆ မျိုးကိုလည်းကောင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Zin Tun 520” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာနေ ကျော်ဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Ma Myint Zu” Facebook အကောင့်နှင့် “Myintzu Aung Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မဥ္ဇူအောင်အား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦးဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အလယ်ကျောကျေးရွာနှင့် ကိုရင့်ကျေးရွာတို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ကလေးနှစ်ဦး အပါအဝင် သုံးဦး ဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ လက်နက်ကြီးကျည်များသည် ဒေသခံပြည်သူများနေထိုင်ရာ အိမ်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ကို အကြမ်းဖက်သမားများအား အားပေးအားမြှောက် ပြုနေသည့် ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်တွင် မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဖုံးကြဲတိုက်ခိုက်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများကို ဩဂုတ် ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဖုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် နှစ်ဦး အပါအဝင် ပြည်သူ ၁၃ ဦး သေဆုံးခဲ့ကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် စဉ့်ကူးမြို့နယ် ကံတောင်ရွာနှင့် နွယ်ရုံရွာများသို့ တပ်မတော် လေယာဉ် ပျံသန်းမှု လုံးဝမရှိကြောင်း၊ စဉ့်ကူးမြို့နယ်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ Drop Bomb များဖြင့် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေပြီး ၎င်းတို့၏ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ၎င်းတို့၏ လုပ်ရပ်အား ဖုံးကွယ်ရန်အတွက် တပ်မတော်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဖုံးကြဲ တိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**မီး သတိပြု။**

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျွန်လူကာစကာမတ် ဒဏ်ရာကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားမည့် ပွဲစဉ်အား လွဲချော်မည်



**တူရင် ဩဂုတ် ၅**

အတ္တလန္တာအသင်းတိုက်စစ်မှူး ဂျန်လူကာစကာမတ်သည် ACL ဒဏ်ရာကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် UEFA စူပါဖလား ဗိုလ်လုပွဲစဉ်အား လွဲချော်သွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျန်လူကာစကာမတ်သည် အတ္တလန္တာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ၁၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အတ္တလန္တာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့ရသည်။

အတ္တလန္တာအသင်းသည် UEFAစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၅ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(အပေါ်ပုံ)**

(NGB)

## ပေပေအား ၂နှစ်စာချုပ်ဖြင့် ဗီလာရီးရဲလ်အသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၅**

ဗီလာရီးရဲလ်အသင်းသည် အသင်း လက်မဲ့ဖြစ်နေသည့် အာဆင်နယ်အသင်းတိုက်စစ်မှူး ပေါင်း ပေပေအား ၂နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အန်းဂါးစ်၊ လိုင်လီ၊ အာဆင်နယ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက် ၂၉ နှစ်အရွယ်ရှိ ပေပေက "ကျွန်တော် ဗီလာရီးရဲလ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဗီလာရီးရဲလ်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## 2024 Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Novak Djokovic ဆွတ်ခူး

**ပဲရစ် ဩဂုတ် ၅**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz အား ၇-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ Novak Djokovic က "ကျွန်တော် အခုလို 2024 Olympics တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)** (NGB)

## ဝီလီယံပါချိုအား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း စိတ်ဝင်စား

**ပါရီ ဩဂုတ် ၅**

ပီအက်စ်ဂျီအသင်းသည် ဖရန့်ဖတ်အသင်း နောက်ခံကစားသမား ဝီလီယံပါချိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၂ နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ **(အပေါ်ယာပုံ)**

ဖရန့်ဖတ်အသင်းကလည်း ဝီလီယံပါချိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။



ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဖရန့်ဖတ်အသင်းထံမှ ဝီလီယံပါချိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ကရီဆန်စီယိုဆမ်းမားဗီးလ်အား ၅နှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၅**

ဝက်စ်ဟမ်းအသင်းသည် လိဒ်စ်အသင်း တောင်ပံကစားသမား ကရီဆန်စီယိုဆမ်းမားဗီးလ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅သန်းဖြင့် ၅နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၂ နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ၂၅ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ)**

(NGB)



## ၂၀၂၄ခုနှစ် အတွင်း အကောင်းဆုံး ဂျာမနီကစားသမားဆုကို တိုနီကရူးစ် ဆွတ်ခူး

**မြူးနစ် ဩဂုတ် ၅**

ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူသွားသည့် ဝါရင့်ကွင်းလယ်ကစားသမား တိုနီကရူးစ်သည် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း အကောင်းဆုံး ဂျာမနီကစားသမားဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲ စပွဲပါဝင်ကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယခုတစ်နှစ်တာအတွင်း အကောင်းဆုံး ကစားသမားဆုသည် ဂျာမနီကစားသမားတွေအပြင် ဂျာမနီရှိ ကလပ်အသင်းများတွင် လာရောက်ကစားရင်း ခြေစွမ်းပြသည့် ကစားသမားများကို ရွေးချယ်ချီးမြှင့်သည့် ဆုတစ်ခုဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုနီကရူးစ်က "ကျွန်တော်အခုလို အကောင်းဆုံးဂျာမနီကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ဂျာမနီလက်ရွေးစင်အသင်း အနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများရပါစေလို့ တောင်းဆုပြုပါတယ်"ဟု ပြောသည်။

**(ယာပုံ)**

(NGB)



### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(တတိယအဆင့်)(ပ-ကျော့)ခြေစစ်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၆-၈-၂၀၂၄ ည ၁၀း၃၀ နာရီ | ကာရာဘတ်(အဇာဘိုင်ဂျန်) - လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား) | လူဒိုဂိုရက်စ် ၂-၀ ကာရာဘတ် (၂၂-၆-၂၀၁၉ ခြေစမ်းပွဲ) |
| ၆-၈-၂၀၂၄ ည ၁၁း၃၀ နာရီ | မော်လ်မို(ဆွီဒင်) -PAOK(ဂရိ) | — |
| ၆-၈-၂၀၂၄ ည ၁၁း၄၅ နာရီ | မစ်ဂျီလန်း(ဒိန်းမတ်) - ဖီရန်ဘားရိုစ်(ဟန်ဂေရီ) | မစ်ဂျီလန်း ၃-၁ ဖီရန်ဘားရိုစ် / ဖီရန်ဘားရိုစ် ၂-၄ မစ်ဂျီလန်း |
| ၇-၈-၂၀၂၄ နံနက် ၀၀း၃၀ နာရီ | စပါတာပရပ်ဂ်(ချက်) - FCSB(ရိုမေးနီးယား) | စပါတာပရပ်ဂ် ၁-၁ FCSB / FCSB ၂-၀ စပါတာပရပ်ဂ် |
| " | ဒိုင်နမိုကီယက်(ယူကရိန်း) - ရိန်းဂျားစ်(စကော့တလန်) | — |
| ၇-၈-၂၀၂၄ နံနက် ၀၁း၀၀ နာရီ | လိုင်လီ(ပြင်သစ်) - ဖီနာဘာချီ(တူရကီယဲလ်) | လိုင်လီ ၂-၁ ဖီနာဘာချီ / ဖီနာဘာချီ ၁-၁ လိုင်လီ |
| ၇-၈-၂၀၂၄ နံနက် ၀၁း၁၅ နာရီ | ဆောလ်ဘတ်(ဩစတြီးယား) - တွမ်တီး(နယ်သာလန်) | — |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၄ အင်္ဂါနေ့ | ည ၁၀း၃၀ နာရီ | ကိုဗင်ထရီ(အင်္ဂလန်) - ရိုးမား(အီတလီ) |
| " | ည ၁၁း၀၀ နာရီ | ဒေါ့မွန်(ဂျာမနီ) - ဗီလာရီးရဲလ်(စပိန်) |
| ၇-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၅း၃၀ နာရီ | ချဲလ်ဆီး(အင်္ဂလန်) - ရီးရဲလ်မက်ဒရစ်(စပိန်) |
| " | နံနက် ၀၆း၀၀ နာရီ | ဘာစီလိုနာ(စပိန်) - အေစီမီလန်(အီတလီ) |

### ၂၀၂၄ ပါရီ အိုလံပစ်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၄ အင်္ဂါနေ့ | ည ၁၀း၃၀ နာရီ | အမေရိကန် - ဂျာမနီ |
| ၇-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၃၀ နာရီ | ဘရာဇီး - စပိန် |






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်ရန် စားသောက်ဖွယ်ရာများ စနစ်တကျပြင်ဆင်ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဩဂုတ် ၅**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့်စားသောက်ဖွယ်ရာများကို စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်လျက်ရှိရာ စေတနာရှင် အလှူရှင်များ ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးရုံး မြို့တော်ခန်းမတွင် စနစ်တကျ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေမှုများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂုဏ်ပြုပေးပို့နိုင်ရန် အတွက် စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကြော်လှော်နေမှုများ၊ စနစ်တကျ သေသပ်စွာ ထုပ်ပိုးပြင်ဆင်နေမှုများအား တက်ညီလက်ညီ စိတ်အားထက်သန်စွာ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ဝန်ထမ်းများကို လိုက်လံအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် အသင့်စား ခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊ ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ်၊ စုစုပေါင်းငွေကျပ် ၃၁၂သိန်းကျော်

စာမျက်နှာ ၁၃ သို့ ❍












# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်






**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမရပူရမြို့နယ်၊ လယ်ရေပေးရေး ဆည်တော်ကြီး တမုတ်ဆိုး(B)မြောင်းအနီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုဋ္ဌဝတီမြစ်ရေ ရယူ၍ ပြည်ကြီးတံခွန်မြို့နယ် မြို့ရေပေးရေး ပိုက်လိုင်းချ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုပိုက်လိုင်းမှတစ်ဆင့် လယ်ရေပေးရေး မြောင်းအတွင်းသို့ ရေခွဲဝေပေးနိုင်မည့် နည်းလမ်းတွေရှိရပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေရရှိရန်၊ သီးနှံများအတွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန်တို့မှာ အဓိက အရေးပါသည့်အချက်များဖြစ်ပါကြောင်း၊ ဆည်၊ တမံ သို့လှောင်ရေများအပြင် အခြားရေရရှိနိုင်သည့် နည်းလမ်းများဖြင့် စိုက်ပျိုးရေများကို ပေးဝေနိုင်ရေး နည်းလမ်းရှာကြိုးစားလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးတွင် ဆည်ရေသောက်စိုက်ပျိုးရေအသုံးပြုနေသည့် စိုက်ဧကများအနက် ဆည်တော်ကြီးရေ လက်ရှိရရှိနိုင်မှုမရှိသည့် စိုက်ပျိုးမြေဧကများတွင် တောင်သူများ စိုက်ပျိုးရေအခက်အခဲမရှိစေရေး မြို့ရေပေးဝေဖြန့်ဖြူးပေးနေမှု မထိခိုက်စေဘဲ ဒုဋ္ဌဝတီမြစ်ရေရယူ၍ စိုက်ပျိုးရေပေးဝေသွားရန် အကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်း၊ စိုက်ပျိုးရေအား အမြန်ဆုံးပေးဝေသွားနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးရေရရှိရေးအတွက် အခြားနည်းလမ်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





○ **စာမျက်နှာ ၁၂ မှ**

တန်ဖိုးရှိ အစားအသောက်ကိုးမျိုးအပြင် စိတ်ဓာတ်ခွန်အားနိုးကြားတက်ကြွစေရန် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ တရားသောစစ်အောင်မြင်ပါစေ စသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်တွင် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅) ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် ခရိုင်ပညာရေးမှူး(တာဝန်ခံ) ဦးခင်မောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး 'မြန်မာ့မူမှန်' သီချင်းဖြင့် သီဆို၍ ဖွင့်လှစ်ကာ အကပညာရှင် နှစ်ဦးမှ မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြင်ဦးလွင်မြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးအောင်မင်း (ဒိုင်ချုပ်)က ဒိုင်အဖွဲ့ကိုယ်စား ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)တွင် ကဗျာလွတ်အက ၁၈ ဦး တစ်ဖွဲ့၊ ကျေးလက်အက ၂၀ ဦး နှစ်ဖွဲ့၊ အဆို ၄၂ ဦး၊ တစ်ပင်တိုင်အက ၇၁ ဦး၊ အရေး နှစ်ဦး၊ အတီး နှစ်ဦး၊ စုစုပေါင်း (၁၁၇)ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဆုရရှိသော ပြိုင်ပွဲဝင်များကို ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Huang Zitao ခက်ခဲသောကာလများကို ဖြတ်ကျော်ခဲ့သည့် အင်အားရှိ



တရုတ်အနုပညာရှင် L.TAO ကုမ္ပဏီပိုင်ရှင် ဟွမ်ဇီတာအိုသည် အနုပညာလမ်းတွင်သာမက စီးပွားရေးလမ်းတွင် ခက်ခဲသောကာလများကို ဖြတ်ကျော်နိုင်ခဲ့သည်မှာ အားပေးသူတစ်ဦးကြောင့်ဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟွမ်ဇီတာအိုသည် ဖခင်ကွယ်လွန်ခဲ့ပြီး L.TAO ကုမ္ပဏီကို စတင်တည်ထောင်ချိန်၌ အစောပိုင်းတွင် Cashflow ပြဿနာ၊ အခြားကုမ္ပဏီများ တိုက်ခိုက်သည့်ပြဿနာ၊ သီချင်းဟောင်းအတွက် ယခင်ကုမ္ပဏီနှင့် မူပိုင်ခွင့်ပြဿနာ၊ အနုပညာရှင်များစွာ ထွက်သွားသည့်ပြဿနာစသည့် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပြီး ရီယန်တစ်ဦးသာ ကျန်ခဲ့သည်။

ဖခင်ကင်ဆာနှင့် ကွယ်လွန်ချိန် ညီအစ်ကိုလိုခင်သည့် ထုတ်လုပ်သူက သစ္စာဖောက်၊ ကလပ်တက်ဖော်များက အဆက်ပြတ်သွား၍ စိတ်ဓာတ်ကျပြီး ငိုရသည့်နေ့ရက်များတွင် ရီယန်က အားပေးခဲ့ပြီး ရှိသမျှ အလုပ်အကုန်လုပ်၍ စိတ်ဖြေခဲ့ရာမှ နှစ်ဦးသားကွဲကွာ၍ အချစ်ကိုယ်စီရှိခဲ့ကြပြီး ပြန်တွေ့ချိန်တွင် အားပေးဖော်၏ တန်ဖိုးကိုသိခဲ့ပြီး ဟွမ်ဇီတာအိုအတွက် အင်အားတစ်ခုဖြစ်သူမှာ ရီယန်သာဖြစ်ခဲ့ရသည်။(SKY)



## DengWei ဇူလိုင်လလယ်တွင် ရေပန်းစားသော အနုပညာရှင် ဖြစ်

တရုတ်အနုပညာလောကမှ အနုပညာရှင်များ ဇူလိုင်လလယ်အတွင်း ရေပန်းစားသော အနုပညာရှင်စာရင်းတွင် ဒေါင်ဝိန်ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်ထိပ်တန်းအနုပညာရှင်များအနက် ဇူလိုင်လလယ်တွင် ထုတ်လွှင့်ပြသခဲ့သည့်ဇာတ်ကားများနှင့် ပရိသတ်ကြား ရေပန်းစားသော အနုပညာရှင်များ စာရင်းကို ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ စာရင်းတွင် ထိပ်ဆုံး၌ ဒေါင်ဝိန်၊ မင်းသမီး ယောင်းဇီ၊ တန်ကျိအန်ချီ၊ ဂျူဂျင်းရီ၊ ဝမ်ဟီဒီ၊ ဝမ်ဂျွန်ကိန်နှင့် ကျန်ဝမ်ရီတို့ စာရင်းဝင်ဖြစ်ခဲ့ကြသည်။

ယင်းအနုပညာရှင်များပါဝင်သည့် ဇာတ်ကားများကို ပရိသတ်ကြိုက်နှစ်သက်အားပေးမှုနှုန်းမြင့်မားခဲ့၍ ဇူလိုင်လလယ်တွင် ရေပန်းစားသော အနုပညာရှင်များ ဖြစ်ခဲ့သည်။

(SKY)



## Katy Perry က အဆိုတော်ဘဝ နှစ်ခါပြန်စခဲ့ရ

ကမ္ဘာကျော်အဆိုတော်အဖြစ် ကျော်ကြားခဲ့သော ကစ်တီပယ်ရီသည် ကစ်တီဟူစတန်အမည်နှင့် ပွဲဦးထွက်ခဲ့ပြီး အရှုံးနှင့် ရင်ဆိုင်ရကာ ကစ်တီပယ်ရီအမည်နှင့် အဆိုတော်ဘဝကို နှစ်ခါပြန်စခဲ့ရသည်ဟု ဟောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကစ်တီပယ်ရီက ၂၀၀၁ ခုနှစ်တွင် ကစ်တီဟူစတန် အမည်နှင့် ပွဲဦးထွက်ခဲ့ပြီး အရှုံးပေါ်ခဲ့ရာမှ နာမည်ကို ကစ်တီပယ်ရီဟု ပြောင်းလဲ၍ Ur So Gay EP ကို စမ်းထုတ်ရာမှ ၂၀၀၈ ခုနှစ်တွင် I Kissed A Girl သီချင်းနှင့် အရောင်းရဆုံး အဆိုတော်စာရင်းဝင်ခဲ့သည်။

ကစ်တီပယ်ရီသည် ၂၀၁၀ ပြည့်နှစ်တွင် သမိုင်းတစ်လျှောက် ဘီလ်ဘုတ်ဟော့ပ် ၁၀၀ တွင် တစ်ခွေထဲနှင့် နံပါတ်တစ် ရရှိခဲ့သူ ဂျက်နက်ဂျက်ဆင်၊ ဝစ်နေဟူစတန်၊ ပါပသ်အဒဲလ်၊မာရီကာရေး လေးဦးတို့နှင့် အပေါက်ဆုံးအဆိုတော်ဖြစ်ခဲ့သည်။

ကစ်တီပယ်ရီ၏ Witness ထွက်ပြီး နောက်ပိုင်းအဆင်မပြေမှုများနှင့်ကြုံခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဂီတသစ် Woman's World ထွက်ရှိလာမည် ဖြစ်သည်။

(SKY)

## V @ Kim Taehyung ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် Google Worldwide တွင် ရှာဖွေမှု အများဆုံးဖြစ်



ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်)ကင်ထယ်ယောင်းသည် လက်ရှိ သင်တန်းတက်နေသော်လည်း ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ Google Worldwide ရှာဖွေမှုစာရင်းတွင် ပထမနှစ်ဝက်အတွင်း ရှာဖွေမှုအများဆုံး အာရှအနုပညာရှင်လေးဦးမြောက်ဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ဂူဂဲလ်ထရန်မှတ်တမ်းအရ ကေပေါ့ပ်စတားများကြားတွင် ဗွီ(ခေါ်)ကင်ထယ်ယောင်းမှာ ရှာဖွေမှု အမြင့်ဆုံးမှတ်တမ်းတင်ခံရသည့် အာရှအနုပညာရှင်ဖြစ်ခဲ့သည်။

ထို့အပြင် Google Worldwide တွင် ကမ္ဘာလုံးဆိုင်ရာ ရှာဖွေမှုရာခိုင်နှုန်း ၁၀၀ အထိ ရောက်ရှိခဲ့သော တစ်ဦးတည်းသော အာရှအနုပညာရှင်ဖြစ်ပြီး ရှာဖွေမှုအများဆုံး အနုပညာရှင်လေးဦးမြောက်အဖြစ် တေလာဆွစ်၊ဘီလီအဲလိပ်ရှ်၊ ဂျက်စတင်ဘီဘာနှင့် ကင်ထယ်ယောင်းပါဝင်ကာ GQ India ၏ ဖော်ပြချက်အရ အချမ်းသာဆုံး ဘီတီအက်စ်အဖွဲ့ဝင်လည်း ဖြစ်သည်။

(SKY)

## ချူဆာရန်း က The Return Of Superman မှ အမြွာသုံးဦးနှင့် ရင်းနှီးခဲ့

ပရိသတ်အချစ်တော်ဖြစ်ခဲ့သည့် The Return of Superman မှ MMA Fighter ချူဆောင်ဟွန်၏ သမီး ချူဆာရန်းသည် ဆောင်အီဂွတ်၏ အမြွာသားသုံးဦးနှင့် လက်ရှိအချိန်အထိ ခင်မင်ရင်းနှီးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချူဆာရန်း၏ ဖေဖေ ချူဆောင်ဟွန်မှာ MMA လက်ဝှေ့သမားဖြစ်ပြီး မေမေမှာ ဂျပန်မော်ဒယ်လ်ဖြစ်ကာ အဖေချစ်သမီးအဖြစ် ပရိသတ်အားပေးခဲ့ရာမှ အရွယ်ရောက်လာချိန်ထိ သရုပ်ဆောင် ဆောင်အီဂွတ်၏ အမြွာသုံးဦးနှင့် အဆက်အသွယ်ရှိ၍ အတူဆုံဖြစ်ခဲ့ကြသည်။

ချူဆာရန်းနှင့်အတူ ဆောင်ဒါဟန်၊ ဆောင်မင်ဂွတ်၊ ဆောင်မန်ဆယ်တို့သုံးဦးနှင့် သူငယ်ချင်းများ အတူတွေ့ဆုံ၍ ပိုင်းဖွဲ့စားသောက်လေ့ရှိပြီး ခင်မင်နေကြဆဲဖြစ်သည်။

ချူဆာရန်းမှာ မိခင်ကဲ့သို့ ကလေးမော်ဒယ်လ်တစ်ဦးအဖြစ် လုပ်ကိုင်နေသည်။

(SKY)



## အပေါင်းအဖော်များနှင့်အတူ လေ့ကျင့်ခန်းလုပ်လျှင် စိတ်ပြောင်းလဲစေကာ အာရုံကြောများ ပြေလျော့စေမည်

နေ့စဉ်ဖြစ်စေ၊ ရက်ခြား၍ဖြစ်စေ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်လျှင် ကိုယ်ရောစိတ်ပါ ကျန်းမာစေမည်ဟု ကျန်းမာရေးလိုက်စားသူတိုင်း သိထားပြီး ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားလျှင် ဦးနှောက်ထဲ၌ သွေးလှည့်ပတ်မှုနှင့် အာရုံကြောဆိုင်ရာ ကောင်းသောဇီဝဖြစ်စဉ်အမျိုးမျိုးပြောင်းလဲကာ ကျန်းမာရေးပိုမိုကောင်းမွန်လာစေသည်။

အကယ်၍ အပေါင်းအဖော်များနှင့်အတူ လေ့ကျင့်ခန်းလုပ်လျှင် ဟော်မုန်းများအပေါ်အခြေခံ၍ စိတ်အခြေအနေကို ပြောင်းလဲစေကာအာရုံကြောများကိုလည်း ပြေလျော့စေမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုမှ သုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ SCI



## အဆိုတော်၊ သရုပ်ဆောင် Na Na အားကစားကြော်ငြာနှင့် ပုံစံသစ်ဖြင့် တွေ့ရ

အဆိုတော်၊ သရုပ်ဆောင် နာနာကို အားကစားဝတ်စုံအမှတ်တံဆိပ် Barrel Co မှ ၂၀၂၄ ခုနှစ် အစောပိုင်းတွင် Life is Swell ရေကူးဝတ်စုံအတွက် မော်ဒယ်လ်အဖြစ် ကြေညာခဲ့ပြီး ပုံစံသစ်ဖြင့် မြင်တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာနာသည် ရိုးရှင်းသည့် အပြာနုရောင်နှင့် အဖြူရောင်ဝတ်စုံကို ဖက်ရှင်ကျစွာ ဝတ်ဆင်ထားပြီး ဆံပင်တိုပုံစံသစ်နှင့် လိုက်ဖက်စွာ မြင်တွေ့ကြရသည်။

ပရိသတ်များက သူ၏ အသွင်ပြောင်းလဲမှုကို အံ့အားသင့်ခဲ့ကြသည်မှာ ယခုတစ်ကြိမ်မဟုတ်ဘဲ သူ၏ တက်တူးများစွာကို ထုတ်ဖော်ပြသခဲ့စဉ်ကလည်း အံ့အားတသင့်ဖြစ်ခဲ့ကြသည်။

နာနာကို ပရိသတ်များစွာက ဆံပင်နှင့် လိုက်ဖက်မှုရှိပြီး ဆံပင်အစစ်၊ အတု မေးမြန်းထားကြကာ မှတ်ချက်ကောင်းများစွာ ပေးထားကြသည်။ (SKY)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဖူးကျင့်ကျောင်းတွင် ဝူရှူးသင်တန်း(၂ / ၂၀၂၄)ဖွင့်လှစ်သင်ကြား

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ဝူရှူးအားကစားဆပ်ကော်မတီနှင့်ဖူးကျင့်တရုတ်ဘာသာစာသင်ကျောင်းတို့ပူးပေါင်း၍ အခြေခံဝူရှူးသင်တန်း(၂/၂၀၂၄)ဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ရှိ ဖူးကျင့်တရုတ်ဘာသာစာသင်ကျောင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေးက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေရက်များတွင် ကလေးများ ကျန်းမာကြံ့ခိုင်စေရေးနှင့် အားကစားစိတ်ဝင်စားစေရေးသင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၄၅)**



## တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဓာတ်ဝင်ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ အနောက်ပိုင်း ခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ အရာထမ်း၊အမှုထမ်းများက မဟော်ဂနီပင် ၁၈ပင်၊ တည်ပင် ၁၇ပင်၊ သရက်ပင် ၂၀ပင်၊ ပိန္နဲပင် ၁၀ပင်၊ တမာပင် ၁၀ပင် စုစုပေါင်းပျိုးပင် ၇၅ ပင်အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)(ကဆ)**

## လူငယ်လူရွယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးလူငယ်စကားဝိုင်းကျင်းပ

**မြစ်သား ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၊ မြစ်သားမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွင် ကျောင်းသား၊ကျောင်းသူ လူငယ်လူရွယ်လေးများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျန်စစ်သားခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင်(၃) ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို Moderator အဖြစ် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဦးဆောင်ပြီး Grade-11 ကျောင်းသား မောင်အောင်မြင့်မြတ်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 ကျောင်းသူ မဇင်ယုလှိုင်က လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊Grade-10 ကျောင်းသားမောင်အောင်ဖုန်းမြတ်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade -9 ကျောင်းသူ မခင်ရတီက လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်သူရစွမ်းက လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြရာ တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူများ သိလိုသောမေးခွန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင်(၃) ဦးအောင်ကျော်မိုး၊ မြစ်သားမြို့မစခန်းမှူး ဒုရဲမှူး ဇော်မင်းထွေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာနှင့် ဆရာ၊ ဆရာမများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သီတာအောင်(ပြန်/ဆက်)**




## သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၅**

ပျော်ဘွယ်မြို့နယ် သန်းခေါင်စာရင်းကော်မတီမှဦးဆောင်၍ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်က သန်းခေါင်စာရင်းကောက်ယူသူများလာရောက်ပြီး မေးမြန်းဆွေးနွေးချက်များကို ကြည်ဖြူစွာပြန်လည်ဖြေကြားပေးနိုင်ရေး၊ အချက်အလက်များမှန်ကန်ရေး၊ သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးဆောင်က သန်းခေါင်စာရင်းကောက်ယူမည့် နေ့ရက်၊ အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သန်းခေါင်စာရင်းကောက်ယူရေး အသိညာပေးလက်ကမ်းစာစောင်များကို ကျေးရွာပြည်သူများထံသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကလောင်လက်ဖြင့် အမျိုးဂုဏ်တင့်စေ

---

* ရေးကုံးသီဖွယ် ၊ တို့မောင်မယ်များ
ရင်ဝယ်ပိုက်မြန်း ၊ စာပေလမ်းသို့
ဆက်ထမ်းကလောင် ၊ ကောင်းရာဆောင်လျက်
ရေးနှောင်ဖော်ကျူး ၊ စိတ်ကြည်နူးလို့
ပျော်မြူးလှိုင်လှိုင် ၊ မျိုးစေ့ခိုင်အောင်
ခေတ်ပြိုင်ရေးစပ် ၊ ပြည့်လျှံထပ်၍
ပေးဆပ်ရှင်ပျော် ၊ ညွှန်းသဖော်ကာ
ဂုဏ်မော်ခံစား ၊ ပေါင်းစည်းအားဖြင့်
အများပြုံးပန်း ဝေတော့သည် ။

* ရေးထုံးညီကွယ် ၊ နည်းမှန်သယ်၍
မှန်ရွယ်ဖော်ညွှန်း ၊ သိဉာဏ်မွန်းလို့
ဆင့်ထွန်းဖော်ကာ ၊ နှစ်ရှည်ကြာအောင်
လန်းဖြာပန်းမွှေး ၊ စမ်းလိုအေးသည့်
ပြည်သွေးဂုဏ်ရည်၊ ကမ်းလက်သီကာ
ထပ်တည်ဆင့်လျက် ညင်သာဆက်မည်
ဖြာယုက်ရောင်ရှိန် ၊ အလင်းထိန်စွာ
မမှိန်မြဲသား ၊ လျှမ်းပအားသို့
မခြားဖုံးလွှမ်းစေတော့သည် ။

* ဆေးမှုန်းစီခြယ် ၊ ကန်ထက်လယ်တွင်
တင့်တယ်မွှေးပျံ့ ၊ ထုံရနံ့နှင့်
ဂုဏ်ခန့်ပန်းအင် ၊ ပွင့်လှိုင်သွင်ကို
တုယှဉ်ပြိုင်ပြုံး၊ ပမာထုံးလို့
နှလုံးရွှင်ကြည် ၊ အေးမြတည်ကာ
ဝေစည်လိုက်ပြု ၊ မွှန်းဆစ်ထု၍
ကောင်းမှုစာပေ ၊ လျှပ်ဖြာခွေအောင်
ရေးစေနှောင်ပွား ၊ ရင်သည်းကြားဝယ်
ဆပွားထုံးတမ်း နေတော့သည် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**



## သတင်းပဒေသာ

### အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မွှာရုံတွင် စတုတ္ထအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ငွေရောင်ရွှန်း အားကစားပစ္စည်းအရောင်းဆိုင်တို့ ပူးပေါင်းဆောင်ရွက်သော ကလပ်ပေါင်းစုံဖိတ်ခေါ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နမ့်စန်ကျေးရွာအုပ်စု၊ ထင်းရှူးမြိုင်ကျေးရွာရှိ ELEVEN FUTSAL ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသဝက်ဖြန့်ဖြူးပေးအပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသဝက်ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ယမ်းတွင်းငါးကြောင်းကျေးရွာအုပ်စု၊ ရတနာပုံကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးအန္တရာယ်အသိပညာပေးနှိုးဆော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မယ်ဆိုင်ချောင်းရေ မြင့်တက်လာခြင်းကြောင့် ဩဂုတ် ၁ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး အများပြည်သူများ သိရှိလိုက်နာရန် ရေဘေးအန္တရာယ်အသိပညာပေးနှိုးဆော်ခြင်းများကို ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ်များ ကင်းဝေးစေရန် ရည်ရွယ်၍ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မအူတောကျေးရွာ မူလတန်းလွန်ကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အဆင့်မီ ဝါဂွမ်းရရှိရေး စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး ဦးဆောင်၍ Grade-A အဆင့်မီ ဝါဂွမ်းရရှိရေး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝယ်ယူကြိတ်ခွဲမှု နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ၉၀ ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈ လမ်းနှင့်လမ်း ၇၀ ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက ၉၀ ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားကုန်းဘောင်ကြီးကြော်၊ မုန့်ညှင်းချဉ်တို့ကို ၃၆လမ်းနှင့်၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက်၅ နာရီ ခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ် ၃)**





## ဓမ္မစာအုပ်(၂၂၀၀၀) လှူဒါန်းသည့် ဓမ္မစာပေ နိဗ္ဗာန်ဈေးအလှူတော်မုံရွာမြို့တွင် ကျင်းပ

**မုံရွာ ဩဂုတ် ၅**

ပါမောက္ခချုပ်ဆရာတော်ကြီး ရေးသားတော်မူသော ဓမ္မစာအုပ် ၂၂၀၀၀ လှူဒါန်းသည့် ဓမ္မစာပေ နိဗ္ဗာန်ဈေးအလှူတော်ကို မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက်တွင် ဩဂုတ် ၄ ရက်နှင့် ၅ရက်များတွင် ကျင်းပသည်။

သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တစန္ဒာဝရ၏သက်တော် ၄၄နှစ်ပြည့် ဝိဇာတပုညမင်္ဂလာကုသိုလ်တော်အဖြစ် ဓမ္မစာပေ နိဗ္ဗာန်ဈေးအလှူတော်ကို ကျင်းပခြင်း ဖြစ်သည်။

"ဦးဇင်းကနှစ်တိုင်း မွေးနေ့ပွဲကျင်းပတယ်။ ကျင်းပတိုင်းမှာ တပည့်ဒါယကာ၊ ဒါယိကာမတွေကို အမှတ်တရတစ်ခုခုပေးဖို့ ဆန္ဒရှိခဲ့တယ်။ (၁၃၈၅)ခုနှစ် ဦးဇင်းရဲ့ ၄၃နှစ်ပြည့်မွေးနေ့တုန်းက ကျေးဇူးတော်ရှင်ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးရဲ့တရားစာအုပ်(၄၃)အုပ် နိဗ္ဗာန်ဈေးလှူဖို့ စိတ်ကူးရှိခဲ့တယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယမန်နှစ်က မလှူဖြစ်ခဲ့ဘူးပေါ့။ အခု ၄၄နှစ်ပြည့်မွေးနေ့ပွဲမှာ ကျေးဇူးတော်ရှင်ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးရဲ့တရားစာအုပ်(၄၄)အုပ်၊ ကတ်ရေ ၄၀၀၀၊ စာအုပ်ကတစ်ဦး(၅)အုပ်နှုန်းနဲ့စာအုပ်အမျိုးအမည်၄၄မျိုး စာအုပ်ပေါင်း ၂၂၀၀၀ကို လှူဖို့စီမံခဲ့တာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ တရားအသိကိုယ်စီရှိပြီး ဓမ္မရှင်သန်ရေးအတွက် ဖြစ်ပါတယ်။ ဓမ္မစာပေ နိဗ္ဗာန်ဈေးအလှူတော်ကို ကျင်းပခြင်း" ဟု ဘဒ္ဒန္တစန္ဒာဝရက မိန့်တော်မူသည်။

တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၏ သက်တော် ၄၄နှစ်ပြည့် ဝိဇာတပုညမင်္ဂလာကုသိုလ်တော်အဖြစ် ဆရာတော်၊ သံဃာတော်အပါး(၁၀၀)နှင့် သီလရှင်အပါး(၅၀)ကို ဒါတဗ္ဗဝတ္ထုအစုစုဖြင့် လှူဒါန်းခဲ့ပြီး ဝိဇာတပုညမင်္ဂလာကုသိုလ်တော်ရေစက်ချ အခမ်းအနားကို ကျင်းပခဲ့သည်။

"မွေးနေ့ပွဲမှာဝေတဲ့ စာရွက်လေးက စာဖတ်ချင်စိတ် ပိုရှိလာတယ်။ ကြုံလာသမျှ လောကဓံကို အကောင်းဆုံးရင်ဆိုင်တတ်ဖို့ စာဖတ်ပါ။ ကိုယ့်ကိုယ်ကို ပြန်ရှာမတွေ့တဲ့အခါ စာဖတ်ပါဆိုတဲ့ စာက စာဖတ်ချင်စိတ်ကို တွန်းပို့တာပါ"ဟု ဓမ္မစာပေ နိဗ္ဗာန်ဈေးသို့ လာရောက်သူလူငယ်တစ်ဦးက ပြောသည်။**(အပေါ်ပုံ)(၃၉၄)**

## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေ ပေးအပ်

**သရက် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးအား ငွေကျပ် ၁၅သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ခရိုင် စာကြည့်တိုက် Cimmnuit Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးအောင်ကျော်ဦးနှင့် နာယကဆရာကြီး ဦးတင်ထွဋ်က ယခုလိုသက်ပြည့် အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမများ လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေ ကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေ ကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်စီစီဝင်း အ·ထ·က(၂) ကျောင်းအုပ်နှင့် ဦးအောင်မင်း အ·လ·ပြ (ထခွဲ-လ၃)သို့ ပီတိပညာရေး ပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးနှင့်မြို့နယ်ပညာရေးမှူးရုံးမှ ဦးတင်ဌေးက ပေးအပ်ရာ ထောက်ပံ့ခံဆရာကြီး ဆရာမများ ကိုယ်စား ဒေါ်ဖြူဖြူဝင်းနှင့် ဒေါ်ရီရီချိုတို့က လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားပေးခဲ့သည်။

ယင်းနောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေများ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာမကြီး ဒေါ်တင်တင်ယုက လက်ခံပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**




## မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၅**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေများလှူဒါန်းလျက် ရှိရာ ဩဂုတ် ၄ ရက်က ဦးအောင်ကျော်ဦး+ဒေါ်သီတာမှ ငွေကျပ် ၃သိန်း၊ ဒေါ်မြင့်မြင့်ဌေး(ရွှေကြယ်ရွှေဆိုင်း မျက်ပါးရပ်)က ငွေကျပ် ၅သိန်း၊ ဒေါက်တာစိုးဝင်း+ ဒေါ်ချိုချိုမြင့်(ရူပဗေဒ)ငွေကျပ် တစ်သိန်းနှင့် မအေးအေးမူ(သင်္ချာ)က ငွေကျပ် ငါးသောင်းတို့ လှူဒါန်းရာ မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင် ဒုတိယဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း)ဦးပိုမြင့်နှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှစ၍ ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၃၀၄ဦးအား ကျန်းမာရေးထောက်ပံ့ငွေကျပ် ၅၀၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(၀၄၅)**

# သီချင်းမဆိုရမနေနိုင်တဲ့ နိုင်ငံကျော်အဆိုတော် ရီရီခင်



**အဖြေရှာ.....ချမ်းမြေ့လိုသောဘဝမှာ.....မေသာ.....တမ်းတစောင့်စားလျက်ပါ.....သံယောဇဉ်နှောင်ရှာ.....ချစ်သူရှိရာကိုသာ..... အခါခါမော့လို့.....လာပါတော့လို့.....တိုးတိုးတိတ်တိတ်.....ရွတ်ဆိုနေမိကာ.....မလေးအသဲဘဝင်မှာ။**

**နှလုံးသားမှာ ယိုစိမ့်စီးဆင်းလာသော မေတ္တာထုဖြင့် သန့်ရှင်းဖြူစင်စွာ ချစ်ခင်မြတ်နိုး ကြင်နာ, ယုယသမုဒယတွယ်ရသောသူက ပြန်လည်ဆိုပြသော သီချင်းမှ အပိုင်းအစတစ်ခု ဖြစ်သည်။**

**ရက်ကန်းရက်နေသောသူကို စာရေးသူက 'ဖြူဖြူဖွေးဖွေး ရေးဆေးငါးလို လှနိုင်ရှာသူရယ်.....ပြုံးပြုံးလေးထိုင်ကာ.....ရက်ကန်းကိုပဲ ခတ်လိုက်ရင်ဖြင့်ကွယ်.....ကျွန်တော်မလာရင်.....ငေးလို့သာမျှော်တယ်.....ရွှေနှယ်ဖယောင်းသို့နှယ်.....ပျော့ကာပဲ ပျောင်းတယ်.....နံ့သာစုံတွေခြယ်.....တစ်ပွင့်ပန်းလေး.....ပန်ကာရယ်.....ဆံထုံးလေးတကျော့ကျော့နဲ့ ယဉ်စစသူရယ်.....'စသော သီချင်းကို မကြာမကြာ ဆို၍ ညို့ငင်ဆွဲဆောင်ကာ မေတ္တာစကားပြောကြားသောကြောင့် သူကလည်း 'မလေးလက်ရာ'သီချင်းဖြင့် ပြန်လည်တုံ့ပြန်ခြင်းဖြစ်သည်။**

စာရေးသူသည် သူ့ထံမှ နှလုံးသားထိ ရိုက်ခိုက်တိုးဝှေ့ဝင်ရောက်လာသော သီချင်းစာသားများကို တရှိုက်မက်မက် ခံစားနေခဲ့မိသည်။ နှလုံးသွေးများ နိုးကြားလာသည်ထိ ပီတိစိမ့်မျှ ခံစားရသောသီချင်း ဖြစ်သည်။ သူ၏ဂီတသံစဉ်လှိုင်းများ ပက်ဖျန်းခံလိုက်ရသောအခါ စာရေးသူ၏အသည်းလွှာမြေမှ မေတ္တာပန်းများ တဖွားဖွား ဖြစ်ပွားကာ လန်းလန်းဆန်းဆန်းဖြင့် ပို၍ဖူးပွင့်လာခဲ့ကြသည်။ သူ့ကို ချစ်မိသည့်အတွက် သူဆိုသောသီချင်းကိုလည်း မြတ်နိုးမိသည်။ အချစ်သည် တနွယ်ငင် တစ်စင်ပါတတ်မြဲ မဟုတ်ပါလော။

သူဆိုပြသော 'မလေးလက်ရာ'သီချင်းသည် မန္တလေးမြို့၊ မိုးကေသီအဖွဲ့မှ နိုင်ငံကျော်အဆိုတော် ရီရီခင်၏ငယ်မူလက်ရာ သီချင်းတစ်ပုဒ်ဖြစ်ကြောင်း သိရသည်။ ထိုချိန်မှစ၍ ရီရီခင်၏သီချင်းများကို တရှိုက်မက်မက် နှစ်ခြိုက်စွဲငြိလာခဲ့သည်။ တမ်းတမက်မောစွာ ရှိုက်နမ်းခဲ့ရသော ဂန္ဓဝင်ရသမြောက်သည့် ရီရီခင်၏သီချင်းများက စာရေးသူရင်ထဲတွင် ထုံးဖွဲ့နေခဲ့သည်။ ယခုထိလည်း ထုံးဖွဲ့နေဆဲ။ အုံဖွဲ့ကာ ပျံ့နှံ့နေဆဲ။ ငြိတွယ်စွဲကပ်လျက်ရှိနေဆဲ။

မန္တလေးရွှေမြို့တော်သို့ ၁၉၉၀ ပြည့်နှစ်တွင် စာရေးသူရောက်လာသည့်အခါ စာအုပ်အဟောင်းဆိုင်မှ ဂီတမှူးကိုဘိုခင် စီစဉ်ရေးသားပြုစုသည့် 'မိုးကေသီ လက်ရွေးစင်တေး'စာအုပ်ပါးပါးလေးကို ညဈေးတန်းမှာ အမှတ်တမဲ့တွေ့ရ၍ ဝမ်းပန်းတသာ ဝယ်ခဲ့သည်။ ယင်းစာအုပ်၌ သီချင်းများနှင့်အတူ အဆိုတော်များ၏ဓာတ်ပုံများလည်းပါသည်။ အဆိုတော်များအကြောင်းကိုလည်း ဖော်ပြထားသည်။ ငယ်စဉ်က စွဲငြိခဲ့ရသည့် ရီရီခင် ဓာတ်ပုံသီချင်းနှင့် အကြောင်းများလည်းပါသည်။ ရီရီခင်အကြောင်းကို ဖတ်ကြည့်လိုက်သည်။

ရေဒီယိုလှိုင်းကြားမှတစ်ဆင့် အမြို့မြို့အနယ်နယ်သို့ သောတရှင်အပေါင်းအား ဖျော်ဖြေခဲ့သည်တွင် တစ်ဟုန်ထိုး နာမည်ကြီးခဲ့သော ပွင့်သစ်စအဆိုတော် ရီရီခင်မှာ နားဆင်သူတိုင်းအား ဆွဲဆောင်နေလေပြီ။

သူလေး၏ပင်ကိုယ်သံသည် လှလှပပ ရှိတော့သည်။ သူ့တွင်ပင်ကိုယ်ထူးခြားသော ဂီတအနုပညာပါရမီဖြင့် အခြေခံထားပြီးတိုးတက်ရာ တိုးတက်ကြောင်း အကျိုးကျေးဇူးတရားကို ရှာဖွေဆည်းပူး၍ ကိုယ်တိုင်ကိုယ်ကျ ပြန်လည်သုံးသပ်ကာ တတ်သိနားလည်သော ပုဂ္ဂိုလ်တို့၏ဝေဖန်ချက်ကို ခံယူသည်။ မှတ်သား၍ သင်ယူသည်။

စိတ်စေတနာမွန်မြတ်၍ ဘဝတူချင်းအား စာနာကာ ကရုဏာပွားတတ်သည့် ထက်သန်မြင့်မားသော ဘဝရည်မှန်းချက် ရှိသူအပေါင်းတွင် ရီရီခင်တစ်ယောက်လည်း ပါဝင်နေသည်။ သတ္တိနှင့်ကြံ့ကြံ့ခိုင်၍ ကိုယ်လိုသော စခန်းကိုလှမ်းလျက်·····။

ငိုရတာလည်း မမှု, ရယ်ရတာလည်း မလှုပ်ရှား, ဂီတနယ်မှာ ပျော်မွေ့တယ်, သာယာတယ်လို့ သူပြောပါတယ်။

ယင်းစာအုပ်၌ ရီရီခင်ဆိုသည့် 'ရွှေသစ္စာ, ချစ်စိတ်ရည်, ဆန္ဒ, ကချေသည်ဘဝ, ရှိပါစေတော့, မလေးလက်ခတ်သံ, မလေးလက်ရာ, ပြောလိုက်ပါစန္ဒာ, မြနန်းပင်တိုင်, ဘဝလက္ခဏာ, ချိန်းမိလေသောကြောင့်, ကောက်စိုက်သမနှင့် ကိုယ်လူပျို, အသိအလိမ္မာ, ကိုရေချမ်းနှင့် ခင်သူဇာ, သာသနာ့ဒါယကာ သီချင်းများ ပါဝင်သည်။

စာရေးသူ မန္တလေးရောက်စက ရီရီခင်သည် ရွှန်းလဲ့တောက်ပဆဲ။ ဂရင်းမှာ ဆိုနေဆဲ။ ကားလေးတစ်စီးဖြင့် သွားနေဆဲ။ 'ရီရီခင်ခေတ်ပေါ်တေးဂီတ'တည်ထောင်ကာစ လျှမ်းလျှမ်းတောက် အောင်ပွဲဆင်နေဆဲအချိန်, ဆိုနေဆဲအချိန်။ စာရေးသူကလည်း လမ်းဘေးမှာ တအံ့တသြ ငေးကြည့်နေရသူ ဖြစ်သည်။ နောက်မှ တရင်းတနှီးခင်မင်ခွင့်ရသည်။ တစ်ချိန်က ခပ်ဝေးဝေးမှ ငေးမောကြည့်ခဲ့ရသော်လည်း ဘဝရေစက်ကြောင့် ယခုအခါ မိတ်ဆွေများဖြစ်ကာ တရင်းတနှီး ဆွေးနွေးပြောဆိုနေရသည်။

ရီရီခင်၏ ပင်ကိုယ်ကြွယ်ဝသောအသံ၊ အနုပညာကို မြတ်နိုးထက်သန်လှသော ဖွဲ့, ဖြူစင်ဖြောင့်မတ်သောစိတ်ဓာတ်, ချစ်ဖွယ်ကောင်းသော သဘောများနှင့် အကျင့်များကို နီးနီးကပ်ကပ် လေ့လာမှ ပို၍လေးစားဖွယ်ရှိနေကြောင်း တွေ့ရသည်။

တစ်ခါတစ်ရံ ဖြတ်သန်းကျင်လည်ခဲ့ရသော ဘဝဖြစ်ပျက်များကို ဆွေးဆွေးမြွေမြွေ လွမ်းလွမ်းတတ ပြောပြလေ့ရှိသည်။ ဂီတနှင့်ပတ်သက်လာလျှင် စိတ်အားထက်သန် တက်ကြွစွာ ပြောပြ, သီဆိုပြလေ့ရှိသည်။

ဂီတသည်သာ အသက်, ဂီတသည်သာ ကိုးကွယ်ရာ, ဂီတသည်သာ မွေ့လျော်ရာ, ဂီတသည်သာ အားကိုးရာအဖြစ် ခံယူ၍ ဂီတနှင့်သာ အမြဲယှဉ်စပ် တွေးတော လုပ်ကိုင်ပြောဆိုကာ အသက်ရှင်နေသူ ဖြစ်သည်။ ဂီတနှင့်ကင်းကွာ၍ နေလို့မရ။ အချိန်တိုင်းဂီတကိုသာ ပွေ့ပိုက်နေလေ့ရှိသည်။

တစ်ဦးမေတ္တာ တစ်ဦးပိုင်·····တစ်ဦးသစ္စာ·····တစ်ဦးခိုင်·····တူစုံမောင်မယ် ပိုင်ပိုင်နိုင်နိုင် ချစ်ရေးချစ်ရာလှိုင်·····အေးအတူပူအမျှ·····မောင်မယ်ဘဝမှာဆိုင်·····ချစ်ပင်ချစ်မိုး ချစ်စပျိုး·····ရွယ်ကိုး ဘဝအခြေပိုင်·····ချစ်တာပဓာနလို့·····ဝသုန်ဣမြေ·····သိကြားသက်သေတိုင်·····။

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က မင်္ဂလာဧည့်ခံပွဲများတွင် ဤ 'နှစ်ကံပြိုင်ဖူးစာ' သီချင်းကိုမှ မကြားရလျှင် ဧည့်ခံပွဲအင်္ဂါရပ်နှင့် မညီညွတ်တော့သလောက် လူကြိုက်များ ခေတ်စားခဲ့သည်။ ဤတေးကို ရေးစပ်ဖန်တီးခဲ့သူကား အခြားမဟုတ်။ မိုးကေသီဝိုင်းကို တစ်ဦးတည်း တည်ထောင်ခဲ့သော ဂီတမှူး ဦးဘိုခင်တည်း။ မိုးကေသီကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ဦးဘိုခင်၏အသက်မှာ ၃၇ နှစ်မျှသာ ရှိသေးသည်။ တွေးအား, ရေးအားကောင်းပြီး တက်ကြွ, ဖျတ်လတ်နေသော အရွယ်၊ မြို့မတူရိယာအဖွဲ့၌ အတီးအမှုတ်သမားဘဝမှ ဥက္ကဋ္ဌဖြစ်လာသည်အထိ လုပ်ကိုင်ခဲ့သော အတွေ့အကြုံရှိသူ၊ သိင်္ဂီတဝိုင်းကို ဦးစီးဆောင်ရွက်ခဲ့သော အနုပညာသမ္မာရှိသူ။ ထို့ကြောင့် မိုးကေသီကို မည်သူမျှ လိုက်မမီနိုင်အောင် အလှဆင်ပေးနိုင်ခဲ့သည်။

မိုးကေသီတွင် တူရိယာပစ္စည်းတွေကလည်း စုံလင်လှ၏။ အတီး, အမှုတ်သမားတွေကလည်း တကယ့်ဒေါင်ဒေါင်မြည်တွေ။ အဆိုတော်တွေကလည်း သူ့ခေတ်က ဒိတ်ဒိတ်ကြဲ။ နာမည်ကြီးအဆိုတော် ဦးဖူးအုံ့အစ သောတရှင်လိုရာအခန်း၌ တေးသီချင်းအများဆုံး တောင်းဆိုခြင်းခံနေရသော ရေဒီယိုအဆိုကျော် ရီရီခင် အလယ်၊ နောင်·····ရုပ်ရှင်မင်းသား ဇော်ဝမ်းဖြစ်လာမည့် ကိုတာ(ခ)သန်းလွင်အဆုံး အားလုံးတေးပရိသတ်ချစ်မြတ်နိုးသူတွေချည်း။

သည်တော့ မိုးကေသီ စတင်ထွက်လာသည်နှင့် မန္တလေးတစ်မြို့လုံး မိုးကေသီမှ မိုးကေသီဖြစ်ကြကုန်၏။ မိုးကေသီပွဲ မအားသေးလျှင် အလှူမင်္ဂလာရက်များ ပြောင်းရွှေ့ပစ်ကြ၏။ မိုးကေသီအားသည့်ရက်မှ ပွဲကျင်းပ၏။ တစ်နေ့တည်း နှစ်ပွဲ သုံးပွဲ တီးရသည်အထိ အလှုအယက် ငှားရမ်းလာကြ၏။ 'ပြုံးအလှပိုင်ရှင်၊ သစ္စာမိုးဦး၊ အပျံသင်စ'စသော ရုပ်ရှင်ဇာတ်ကားများတွင်လည်း မိုးကေသီကို ထည့်သွင်းရိုက်ကူးပြသပေးကြ၏။ ဤမျှသာမက တေးသီချင်းစာအုပ် ထုတ်ပေးပါဦးဟု တောင်းဆိုလာကြပြန်သည်။ ရီရီခင်၏ မျက်နှာဖုံးသုံးလေးမျိုးဖြင့်(မိုးကေသီလက်ရွေးစင်တေး) ဟူ၍ ရိုက်နှိပ်ထုတ်ဝေပေးခဲ့ရ၏။ သောင်းချီ၍ ထုတ်ဝေပေးသည့်တိုင် ရောင်းမလောက်ခဲ့ဟု သိရသည်။

ရီရီခင်ကို ဂီတလောကထဲရောက်အောင် ပို့ဆောင်ပေးခဲ့သူသည် ဂီတစာဆို ဂီတမှူး ဦးဘိုခင်ဖြစ်သည်။ ရီရီခင်အသံနှင့် အလိုက်ဖက်ဆုံး သီချင်းများကိုလည်း ဦးဘိုခင်ကပင် များစွာရေးစပ်ပေးခဲ့သည်။ ရီရီခင်သည် အသက် ၁၄ နှစ်အရွယ် ၁၉၆၄ ခုနှစ်တွင် ဂီတ ပညာကို လေ့လာလိုက်စားခဲ့သည်။ သိင်္ဂီတဝိုင်းတွင် ပထမဆုံး သီချင်းဆိုခဲ့သည်။ မန္တလေး မိုးကေသီခေတ်ပေါ်တူရိယာအဖွဲ့မှ သူ၏ ကန့်ကူလက်လှည့်ဆရာ မြို့မကိုဘိုခင်ရေးစပ်သော 'ဘဝလက္ခဏာ'သီချင်းကို မြန်မာ့အသံ ဦးသန်းမြင့်ကိုယ်တိုင် မန္တလေးလာ၍ မိုးကေသီတီးဝိုင်းဖြင့် ပထမဆုံး အသံသွင်းဖြစ်ခဲ့သည်။ ထိုသီချင်းနှင့်ပင် ရီရီခင်ဟူသော အမည်သည် ရေဒီယိုပရိသတ်နှင့် ထိတွေ့ရင်းနှီးခဲ့သည်။

ကနေဦးမှာပင် မျက်နှာပန်းလှခဲ့သော ရီရီခင်သည် 'မလေးလက်ခတ်သံ'သီချင်းတွင် ပိုမိုထင်ရှားလူသိများပြန်သည်။ သည်နောက်ပိုင်း ထွက်ပေါ်လာသော'မလေးလက်ရာ၊ ပြောလိုက်ပါစန္ဒာ၊ အသိအလိမ္မာ၊ ရွှေမိုးငွေမိုး'စသည့် တေးအစုစုဖြင့်လည်း ရေဒီယိုပရိသတ်၏နှလုံးသည်းပွတ်ကို ယူကြုံးဆွဲဆောင်နိုင်ပြန်သည်။

'တွေးလျက်သာ မှေးစက်ရာတွင်·····အိပ်မက်လှလှမက်ပါစေရှင်·····ညင်းလေသွေး·····ထွေးမယ့်တစ်ကိုယ်ပင်·····သစ္စာရှင် ဝေးနေဆဲပင်·····ချစ်ရသူအတွက် အခက်ဖြာလျက်ရှင်·····မေချစ်သောမောင့်ကိုပင်·····လွမ်းရပါတယ်ရှင်·····'။

အိပ်မက်လှလှမက်ပါစေမှာ ယနေ့တိုင်မရိုးနိုင်သော ရီရီခင်၏ ကိုယ်ပိုင်တေးများထဲမှ အအောင်မြင်ဆုံး တေးတစ်ပုဒ်ဖြစ်သည်။ တကယ်တော့ သူကိုယ်တိုင်လည်း အိမ်မက်လှလှ မက်ခဲ့သူဖြစ်သည်။ ကလေးဘဝကတည်းက တစ်ယောက်တည်း သီချင်းများဆိုကာ'အဆိုတော်အိပ်မက်'ကို မက်ခဲ့သူဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ သိင်္ဂီတဝိုင်းတွင် သူသီချင်းစဆိုတော့ အသက်က ၁၄ နှစ်ပင် မပြည့်သေး။ သီချင်းစဆိုပြီး လပိုင်းလေးအတွင်းမှာပင် ဓာတ်ပြားသွင်းရကာ ပရိသတ်ချစ်သော ရေဒီယိုအဆိုကျော်တစ်ယောက်ဖြစ်လာခဲ့သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဓာတ်ပြားသွင်းခဲ့ရပုံကို သူက ပြောပြဖူးသည်။

'မြန်မာ့အသံက အဘဦးသန်းမြင့်ကိုယ်တိုင် မန္တလေးလာပြီး အသံသွင်းယူသွားခဲ့တာပါ။ အဲဒီတုန်းက ဓာတ်ပြားခေတ်ဆိုတော့ အခုလို အဆိုက သပ်သပ်၊ အတီးက သပ်သပ်ခွဲပြီး သွင်းလို့မရဘူး။ အဆိုရော အတီးပါ တစ်ပြိုင်နက်တည်း သွင်းကြရတာ။ မှားသွားရင် ပြန်ပြီး အစအဆုံး တီးကြဆိုကြပဲ။ စက်ပိုင်းဆိုင်ရာက အခုလောက်မတိုးတက်သေးတော့ စိတ်ရော၊ ကိုယ်ရော တကယ့်ကို ပင်ပန်းတာ။ အသံသွင်းပြီး ပရိသတ်က လက်မခံရင်လည်း လေထဲမှာတင် ပျောက်သွားပြန်ရော။ ပရိသတ်က နှစ်သက်ပြီး တောင်းဆိုလာမှ ရေဒီယိုက မကြာခဏလွှင့်ပေးတာ။ ဘဝလက္ခဏာသီချင်းဟာ ကျွန်မရဲ့ ပထမဆုံး အသံသွင်းခဲ့တဲ့ သီချင်းဖြစ်ပါတယ်။ ဘဝလက္ခဏာသီချင်းအောင်မြင်သွားတော့မှ အဘ ဦးသန်းမြင့်တို့၊ ဂီတာတင်အုန်းတို့ မန္တလေးကို နှစ်စဉ်ရောက်လာပြီး 'မလေးလက်ခတ်သံ၊ ပြောလိုက်ပါစန္ဒာ၊ အသိအလိမ္မာ၊ မလေးလက်ရာ၊ ရွှေမိုးငွေမိုး'သီချင်းတွေကို မန္တလေးရုပ်ရှင်ခြံထဲမှာ သွင်းယူသွားခဲ့ကြတာပါ'။

(ဆက်လက်ဖော်ပြပါမည်)

တက္ကသိုလ်တေဇာလင်း

# နျူကလီးယားလက်နက်ထုတ်လုပ်သည့် နေရာကို နေစွမ်းအင်စီမံကိန်းအဖြစ် ပြောင်းလဲလျက်ရှိ



**ဝါရှင်တန် ဩဂုတ် ၅**

အမေရိကန် စွမ်းအင်ဦးစီးဌာနသည် ယမန်နှစ် ဇူလိုင်လက စတင်ခဲ့သည့် သန့်စင်စွမ်းအင်လုပ်ငန်းစီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဧက ၈၀၀၀ ဖက်ဒရယ်မြေဧရိယာကို အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်မှာ ယခင်က အမေရိကန်နျူကလီးယားလက်နက်လုပ်ငန်းစဉ်တွင် အသုံးပြုခဲ့သော ယင်းဦးစီးဌာနပိုင် မြေဧရိယာကို သန့်စင်ပြီး နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ခြင်းအတွက် ပြောင်းလဲအသုံးပြုရန် ဖြစ်သည်။

အမေရိကန် စွမ်းအင်ဦးစီးဌာနနှင့် ဟီကတ်စွမ်းအင်ကုမ္ပဏီတို့အနေဖြင့် အကျိုးတူစီးပွားရေးသဘောတူညီချက်အတွက် စာချုပ်ချုပ်ဆိုရေးလုပ်ငန်းစဉ်ကို မကြာမီစတင်မည်ဟု ဆိုသည်။

၁၉၄၃ ခုနှစ်က တည်ထောင်ခဲ့သည့် ဝါရှင်တန်ပြည်နယ်ရှိ ဟန်ဖို့ကွင်းပြင်သည် ကမ္ဘာစစ်အတွင်း နျူကလီးယားရေကာတာများမှ ပလူတိုနီယမ်ထုတ်လုပ်သည့် စီမံကိန်းအတွက် အကြံပေးထားသည့် လျှို့ဝှက်နေရာတစ်ခုဖြစ်ခဲ့ဖူးသည်။

ထိုနေရာကို ပတ်ဝန်းကျင်သန့်စင်ရေးတွင် စံပြအဖြစ် ပြောင်းလဲကာ ဒေသခံများအတွက် စီးပွားရေးအခွင့်အလမ်းအသစ်များ ရှာဖွေဖန်တီးလျက်ရှိသည်ဟု အမေရိကန်စွမ်းအင်ဝန်ကြီး ဂျင်နီဖာဂရန်ဟိုးလ်က ပြောကြားသည်။

ယင်းနေရောင်ခြည်စွမ်းအင်စီမံကိန်းပြီးဆုံးသွားလျှင် အိမ်ထောင်စု ၁၃ သန်းအား လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**



# ဗင်နီဇွဲလားနိုင်ငံ ကြီးပွားတိုးတက်ရေးကို သမ္မတ နီကိုလတ်စ်မာဒူရို ရှေးရှုဦးတည်

**ကရာကတ်စ် ဩဂုတ် ၅**

ဗင်နီဇွဲလားနိုင်ငံ ကြီးပွားတိုးတက်ရေးကို မိမိ ရှေးရှုဦးတည်ဆောင်ရွက်သွားမည်ဟု သမ္မတ နီကိုလတ်စ်မာဒူရိုက ဩဂုတ် ၄ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၈ ရက်က ကျင်းပပြီးစီးသော ရွေးကောက်ပွဲတွင် ၎င်းအနိုင်ရသည်ဟု အတည်ပြုကြေညာပြီးနောက် အတိုက်အခံနိုင်ငံရေးအင်အားစုများက လမ်းပေါ်ထွက်ပြီး ကန့်ကွက်ခဲ့ကြသည်။

ယင်းကန့်ကွက်မှုများကို ထိန်းချုပ်ပြီးနောက် ၎င်းအနေဖြင့် နောက်နိုင်ငံရေးသက်တမ်းအတွက် သမ္မတတာဝန်ထမ်းဆောင်ရာတွင် ယခုနှစ် စီးပွားရေးကို ၈ ရာခိုင်နှုန်း ဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည်ဟု မာဒူရိုက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**



ပဲရစ်အိုလံပစ်အားကစားပွဲတော်၌ ဩဂုတ် ၄ ရက်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲကျင်းပရာ နောက်ဆုံးပန်းဝင်လာကြသည်ကို တွေ့ရစဉ်။

**Mon**

# မြောက်ကိုရီးယား ဒုံးလောင်ချာများကို တောင်ကိုရီးယား နယ်စပ်အနီးသို့ ပို့လွှတ်

**ဆိုးလ် ဩဂုတ် ၅**

မြောက်ကိုရီးယားအစိုးရက ဒုံးလောင်ချာအစင်း ၂၅၀ ခန့်ကို တောင်ကိုရီးယားနယ်စပ်အနီးသို့ ဩဂုတ် ၄ ရက်က ပို့လွှတ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၄ ရက် ညပိုင်းက မြောက်ကိုရီးယားခေါင်းဆောင်၏ ရှေ့မှောက်သို့ အစိမ်းရောင်ဘီးတပ်ဒုံးလောင်ချာများ ချီတက်အလေးပြုကာ ရောင်စုံမီးရှူးများ ပစ်လွှတ်ကြပုံကို အစိုးရထုတ်ရှိဒေါင်းဆင်မွှန် သတင်းစာတွင် ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြထားသည်။

အမေရိကန်က မိမိတို့ အကြိမ်ကြိမ် သတိပေးခဲ့သည်ကို လျစ်လျူရှုပြီး မိမိတို့ဒေသ၏ လုံခြုံရေးကို လျှော့တွက်နေဦးမည်ဆိုလျှင် ၎င်းအနေဖြင့် အလွန်စိုးရိမ်ဖွယ် အကျိုးဆက်ကို ခံစားရလိမ့်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင်က ဒုံးလောင်ချာများ ချီတက်ပွဲအခမ်းအနားတွင် ထပ်လောင်း သတိပေးသည်။

ယင်းဒုံးလောင်ချာများကို နယ်စပ်တွင် အမြဲချထားရန် အစီအစဉ် ရှိ၊ မရှိ တောင်ကိုရီးယားဘက်က ထောက်လှမ်းစောင့်ကြည့်နေကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ကမ္ဘာလုံးဆိုင်ရာ စျေးကွက်လှုပ်ခတ်မှုပြင်းထန်သဖြင့် ဂျပန်အခြေစိုက် နစ်ခေးအစုရှယ်ယာစျေး ထိုးကျခဲ့ရ

**တိုကျို ဩဂုတ် ၅**

အာရှကွန်ရက်စျေးကွက်များထဲ၌ လွန်ခဲ့သော သီတင်းပတ်အကုန်က တစ်ကမ္ဘာလုံးရှိ အဓိကအညွှန်းကိန်းများ ကြီးမားစွာ ကျဆင်းရာမှ စျေးကွက်လှုပ်ခတ်မှုပြင်းထန်သဖြင့် ဂျပန်အခြေစိုက် နစ်ခေးအစုရှယ်ယာစျေးနှုန်း ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ထိုးကျခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ယန်းငွေသည် လွန်ခဲ့သော ရက်သတ္တပတ်က ဂျပန်ဘဏ်၏ အတိုးနှုန်းများ မြှင့်တင်ခြင်းကြောင့် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက တန်ဖိုးတက်လာခဲ့သည်။

ယန်းငွေသည် နောက်ဆုံးတစ်လတွင်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်လာသည်။ ယန်းငွေတန်ဖိုးတက်လာခြင်းက ဂျပန်ကုန်များ၏ စျေးနှုန်းကို မြင့်တက်စေပြီး နိုင်ငံခြားမှ ဝယ်ယူသူများအတွက် စိတ်ဝင်စားစရာ နည်းလာစေသည်။

အာရှရှိ သီးခြားနေရာများတွင်လည်း အချိန်အတိုင်းအတာအလိုက် စျေးကွက်ကျဆင်းမှုများ ရှိနေသည်။ တရုတ်နိုင်ငံ ထိုင်ဝမ်စျေးကွက်၏ အဓိကစတော့ရှယ်ယာ အညွှန်းကိန်း ၆ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တောင်ကိုရီးယားတွင် ကော့စပီ အညွှန်းကိန်းသည် ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဆမ်ဆောင်းကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးသည် ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

**Mon**

# ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်အတွက် ဩစတြေးလျဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်မည်

**ကင်ဘာရာ ဩဂုတ် ၅**

နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဩစတြေးလျဗဟိုဘဏ်က ဩဂုတ် ၆ ရက်တွင် အတိုးနှုန်းမြှင့်တင်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျနိုင်ငံတွင် အထွေထွေလူနေမှုစရိတ်ကြီးမြှင့်သော အခြေအနေ ကြုံတွေ့နေရစဉ် ဘဏ်အတိုးနှုန်းမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ယင်းဘဏ်အတိုးနှုန်းကို ၄ ဒသမ ၃၅ ရာခိုင်နှုန်း၌ တည်ငြိမ်အောင် ထိန်းထားနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**




# ဗြိတိန်နိုင်ငံရှိ မြို့အချို့တွင် ဆူပူလှုပ်ရှားနေ၊ အစိုးရက အရေးပေါ်အစည်းအဝေး ခေါ်ယူ

**လန်ဒန် ဩဂုတ် ၅**

ဗြိတိန်နိုင်ငံရှိ ရိုသာဟမ်၊ မစ်ဒဲလ်စ်ဘရော့က်၊ ဘော်လ်တွန်အပါအဝင် မြို့များတွင် ဆူပူလှုပ်ရှားနေကြသဖြင့် ဩဂုတ် ၅ ရက်တွင် ဝန်ကြီးချုပ် ကီယာစတာမာ ဦးဆောင်သော အစိုးရက အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့သည်ဟု ပြောခွင့်ရသူက အတည်ပြုပြောဆိုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ရက်သတ္တနှောင်းပိုင်းက အဆိုပါဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ပြီး နိုင်ငံရေးခိုလှုံသူများ တည်းခိုနေထိုင်၊ အလုပ်လုပ်ကိုင်နေသော ဟိုတယ်များကို လူစုလူဝေးများက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

မကြာသေးမီက ဖြစ်ပွားသော အကသင်တန်းသူ မိန်းကလေးသုံးဦး ဓားထိုးတိုက်ခိုက်သတ်ဖြတ်ခံရမှုအပြီးတွင် ဗြိတိန်နိုင်ငံ၌ အင်တာနက်လူမှုကွန်ရက်သတင်းမှားများ ထုတ်လွှင့်ရာမှ ယင်းဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ခြင်းပင် ဖြစ်သည်။




လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုအပေါ်အခြေခံပြီး ထိုသို့ဆူပူလှုပ်ရှားနေခြင်းသည် အကြမ်းဖက်မှုကျူးလွန်နေခြင်းသာဖြစ်ကြောင်း အရေးပေါ်အစည်းအဝေးအပြီးတွင် ဝန်ကြီးချုပ် ကီယာစတာမာက ထုတ်ဖော်ပြောကြားသည်။

အဓိကရုဏ်း နှိမ်နင်းရေးကျွမ်းကျင်သူများကို အခင်းဖြစ်ရာမြို့များသို့ စေလွှတ်ရန် စီစဉ်ထားသည်ဟုလည်း ၎င်းက ထည့်သွင်းပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြု

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းနှင့် ကျပ် ၅၇၃၅၁ ဒသမ ၉၇၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများသည် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများအနေဖြင့် စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## စပိန်တို့ မော်ရိုကိုအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်

ပါရီ ဩဂုတ် ၅

၂၀၂၄ပါရီ အိုလံပစ် (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က မော်ရိုကိုအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက မော်ရိုကိုအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၆မိနစ်တွင် လိုပက်ဇ်၊ ပွဲချိန် ၈၅မိနစ်တွင် ဆန်းချက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ မော်ရိုကိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၃၇မိနစ်တွင် ရာဟင်မီက သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ၂၀၂၄ပါရီ အိုလံပစ် (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန်လည်း ရေပန်းစားဆုံးအသင်းဖြစ်နေခဲ့သည်။ (NGB)